# ကြေးမုံ The Mirror

၁၉၅၇ ခုနှစ် တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့ (18-11-2013) (၇၆၆၈)


## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## ရာသီဥတုအခြေအနေ

၁၇-၁၁-၂၀၁၃

| ထူးခြားသည့် ညအပူချိန်များ | |
|---|---|
| ပူတာအို | ၆ ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၇ ဒီဂရီစင်တီဂရိတ် |
| မှတ်သားဖွယ်ရာ မိုးရေချိန်များ | |
| ကိုကိုးကျွန်း | သုည ဒသမ ၉၈ လက်မ |
| မအူပင် | သုည ဒသမ ၈၇ လက်မ |
| ပဲခူး | သုည ဒသမ ၆၇ လက်မ |
| မြိတ် | သုည ဒသမ ၄၇ လက်မ |

## မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာအယ်လ်ဘတ်ခ်ဒေါ့ဂျ်ဇတ်ခ်ဟီးလ်ယာဒ်၏ ကိုယ်ရေးအကျဉ်း



မွန်ဂိုလီးယားနိုင်ငံသမ္မတ
မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ်ဇတ်ခ်ဟီးလ်ယာဒ် ။

၁၉၆၃ ခုနှစ် မတ်လ ၈ ရက်နေ့တွင် မွန်ဂိုလီးယားနိုင်ငံ Khovd ပြည်နယ် Zereg Sum မြို့တွင် မွေးဖွားခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ယူကရိန်း Lviv တက္ကသိုလ်မှ Journalism ဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပါသည်။ ၂၀၀၂ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဟားဗတ်တက္ကသိုလ် Kennedy School မှ MPA ဘွဲ့ရရှိခဲ့သည်။ ၁၉၈၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ မွန်ဂိုလီးယားတပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၈ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ "Ulaan od" (Red Star) သတင်းစာတွင် ဂျာနယ်လစ်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၈၉ ခုနှစ်မှ ၁၉၉၀ ခုနှစ်အထိ Mongolian Democratic Union တွင် ခေါင်းဆောင်ဖြစ်လာခဲ့ပါသည်။ ၁၉၉၀ ပြည့်နှစ်တွင် "Ardchilal" (Democracy) သတင်းစာ၏ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၀ ပြည့်နှစ်၊ ၁၉၉၂ ခုနှစ်၊ ၁၉၉၆ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်များတွင် မွန်ဂိုလီးယားပါလီမန်အမတ်အဖြစ် လေးကြိမ်တိုင်တိုင် ရွေးချယ်ခံခဲ့ရသည်။ မွန်ဂိုလီးယားအမျိုးသားဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌအဖြစ် ၁၉၉၆ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၆ ခုနှစ်တွင် လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၉၈ ခုနှစ်နှင့် ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ မွန်ဂိုလီးယားနိုင်ငံ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ် ဇွန်လ ၁၈ ရက်နေ့တွင် မွန်ဂိုလီးယားနိုင်ငံ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ ၂၀၁၃ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ဒုတိယအကြိမ် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ဇနီးဖြစ်သူမှာ Mrs.Bolormaa Khajidsuren ဖြစ်ပြီး သားသမီးငါးဦးရှိသည်။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း စူဠာမုနိဘုရားရှိ မြတ်စွာဘုရား ခြေတော်ရာအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တောင်ကြီးမြို့လုံးကျွတ်ဘုံကထိန်လှူဒါန်းပွဲ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၇**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက တောင်ကြီးမြို့ဦး စူဠာမုနိလောကချမ်းသာစေတီတော်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

# ကော့သောင်းမြို့တွင် တန်ဆောင်မုန်းလ စတုဒိသာနိဗ္ဗာန်ဈေးအလှူတော်ပွဲ ခြိမ့်ခြိမ့်သဲကျင်းပ

**သတင်းနှင့် ဓာတ်ပုံ - ကျော်စိုး(ကော့သောင်း)**

**ကော့သောင်း နိုဝင်ဘာ ၁၇**

ကော့သောင်းမြို့ မြို့မလူငယ်များအဖွဲ့က ဦးစီး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော တန်ဆောင်မုန်းလ စတုဒိသာနိဗ္ဗာန်ဈေးအလှူတော်ပွဲကို နိုဝင်ဘာ ၁၆ ရက် ညနေ ၅ နာရီက စုပေါင်းရုံးလမ်းတစ်လျှောက်တွင် ကျင်းပသည်။

စတုဒိသာနိဗ္ဗာန်ဈေးအလှူတော်ပွဲကို မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ကော့သောင်းမြို့ မြို့မလူငယ်အဖွဲ့က နှစ်စဉ်ကျင်းပခဲ့ကြရာ ယခုနှစ်သည် (၁၄)ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်သည်။ ထို စတုဒိသာနိဗ္ဗာန်ဈေးအလှူတော်ပွဲတွင် မြို့ပေါ်နှင့် ကျေးရွာများမှ အလှူရှင်စေတနာရှင်များ၊ အသင်းအဖွဲ့များ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❀**



## ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာအပို ရှစ်မျက်နှာ ပါရှိပါသည်။




ကြေးမုံစာတည်းရှထောင့် ၁၈-၁၁-၂၀၁၃၊ တနင်္လာနေ့

# ကျွမ်းကျင်ရာလိမ္မာ

မူလတန်းဖတ်စာအုပ်တွင်ပါရှိသော ဆင်နှင့်မျောက်ပုံပြင်ကို ဖတ်ဖူးကြမည်ဖြစ်သည်။ ဆင်နှင့်မျောက်တို့စွမ်းရည်ကိုယ်စီရှိသည်ကို ပညာရှိဇီးကွက်က လက်တွေ့စမ်းသပ်ပြခြင်းဖြစ်သည်။ ရေစီးသန်သော မြစ်တစ်ဖက်ကမ်းရှိ သရက်ပင်မှ သရက်သီးကို ခူးခိုင်းသည်။ အားသန်၍ ရေကူးကျွမ်းကျင်သောဆင်က မျောက်ကို ကျောပေါ်တင်၍ ကူးသွားသည်။ တစ်ဖက်ကမ်းရှိ သရက်ပင်ပေါ်မှသရက်သီးကို ဆင်က မခူးဆွတ်နိုင်။ မျောက်က အပြေးတက်ခူးခြွေနိုင်ခဲ့သည်။

သတ္တဝါတိုင်းတွင် ကျွမ်းကျင်လိမ္မာစွမ်းရည်ကိုယ်စီရှိပြီးဖြစ်သည်။ နေရာဒေသလိုက်၍ စွမ်းဆောင်နိုင်ကြသူများဖြစ်သည်ဟု ပုံပြ ညွှန်းဆိုပြသွားသည်။ အလားတူ လူသားတို့အနေဖြင့်လည်း သူ့နေရာ၊ သူ့ဒေသအလိုက် လူတစ်ဦးချင်းစီတွင် ထိုက်သင့်သည့် စွမ်းဆောင်ရည်များ အသီးသီးရှိကြမည်ဖြစ်သည်။

လူတိုင်းလူတိုင်းသည် သူ့နေရာနှင့်သူ ကျွမ်းကျင်လိမ္မာ ဉာဏ်ပညာများရှိကြပါသည်။ အချိန်အခါနေရာဒေသအလိုက် အသုံးချတတ်ဖို့သာ ဖြစ်ပါသည်။ ဆင်စီးကျွမ်းကျင်သော ဆင်ဦးစီးသည် ဆီသည် ပုံမှန်လုပ်နေကျ ဘူးသီးပေါက်မှ ဆီကို အဖိတ်အစဉ်မရှိအောင် ထည့်ရသည့်အလုပ်ကို မလုပ်တတ်သလိုဆီသည်ကလည်း ဆင်ဦးစီးအလုပ်ကို လုပ်တတ်မည်မဟုတ်ချေ။

ထို့ကြောင့် လူတိုင်းလူတိုင်း သူ့နေရာနှင့်သူ ကျွမ်းကျင်လိမ္မာကြသလို ထိုကျွမ်းကျင်မှုကို ထိထိရောက်ရောက် အသုံးချရယူတတ်ကြဖို့ လိုမည်ဖြစ်သည်။

အားလုံးကို နှံ့စပ်သိမြင်နိုင်သည်မှာ ပညာရှိမှသာ ဖြစ်တန်ရာ၏။ နယ်ပယ်တစ်ခု၊ ပညာရပ်တစ်ခုအတွက် ထူးချွန်လိမ္မာထက်မြက်ရာမှာ လူတိုင်းအတွက် မဖြစ်နိုင်ချေ။ သို့ဖြစ်၍ ကျွမ်းကျင်ရာလိမ္မာတတ်သည့် လူတစ်ဦးချင်းစီ၏ အသိအလိမ္မာတို့ကို ရယူတတ်ရန်၊ အသုံးချတတ်ရန်တို့ဖြစ်သည်။

“မှတ်ရန်တစ်ခု နှုတ်မှုလက်မှု အတတ်စုကို ငယ်နုသောအား မမေ့ငြားနှင့် ရင်းဖျားကုန်စင် တတ်မြော်မြင်က တစ်ခုမျှလျက် သက်မွေးဝမ်းကျောင်း ဖြစ်တုံချောင်း၏” ဟု ပညာရှိတို့၏ ဘဝလမ်းညွှန် ဆိုဆုံးမစကားသည် ကျွမ်းကျင်ရာလိမ္မာ ပညာလည်းရ၊ ဘဝအတွက်လည်းလှသည့် ဝန်းကျင်လောကအတွက် ကောင်းကျိုးချမ်းသာများဖြစ်ပါသည်။

မျက်မှောက်ကာလတွင် ပွင့်လင်းမြင်သာရှိလာမှုနှင့်အတူ ပညာခေတ်သို့ ရောက်ရှိလာချိန်တွင် ထိုကဲ့သို့ ကျွမ်းကျင်ရာလိမ္မာသူများ မြောက်မြားစွာ ပေါ်ထွက်ကြပေလိမ့်မည်။ ငုပ်လျှိုးနေသော ရွက်ပုန်းသီးများလည်း ရှိပေလိမ့်မည်။ ထုတ်မသုံးနိုင်သော မီးခဲပြာဖုံးများလည်း ရှိပေလိမ့်မည်။

မည်သို့ပင်ရှိစေကာမူ ယနေ့အချိန်အခါ၌ မိမိတို့နှင့်တကွ လုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် လွတ်လပ်စွာ ဆောင်ရွက်နိုင်ချိန်တွင် လူတစ်ဦးချင်းစီအလိုက် ကျွမ်းကျင်ရာ လိမ္မာရာတို့ကို အစွမ်းကုန်ဖော်ထုတ်ပြသဖို့ အချိန်ရောက်ပြီဖြစ်သည်။

လုပ်ငန်းကိုင်ငန်းများကို ဆောင်ရွက်ကြရာတွင် တစ်ဦးချင်းစီ၌ အလိမ္မာပညာများရှိသည်ဖြစ်၍ ထိုပညာများကို ထုတ်ဖော်ပြသကြရမည်ဖြစ်သကဲ့သို့ မိမိတို့လုပ်ငန်း အောင်မြင်စေရန်အတွက် လိမ္မာပါးနပ်စွာဖြင့် ဆောင်ရွက်ကြရမည် ဖြစ်သည်။

ထိုသို့ ကြိုးပမ်းစွမ်းဆောင်နိုင်ကြမှသာ မိမိတို့မျှော်မှန်းသော ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိမည်ဖြစ်သည့်အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကိုလည်း အလျင်အမြန် ပုံဖော်ထုဆစ်နိုင်မည်ဖြစ်ပါသည်။ ။

## သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၇**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးအား ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် စက်မှုလုပ်ငန်းရှင်များဆိုင်ရာ ကော်မရှင်နာ H.E.Mr.Antonio Tajani ဦးဆောင်သောအဖွဲ့သည် နိုဝင်ဘာ ၁၅ ရက် ညနေ ၄ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ၍ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပညာရေးနှင့် သုတေသနကဏ္ဍများ၊ ဥရောပတွင် လက်ရှိဆောင်ရွက်နေသော လမ်းညွှန်မြေပုံပြ ဂြိုဟ်တုစနစ်၊ စိုက်ပျိုးရေးနှင့် သစ်တောရေးရာကိစ္စများနှင့် ဆက်သွယ်ရေးဆိုင်ရာကိစ္စများအတွက် ဂြိုဟ်တုစနစ်မှ အချက်အလက်များ မျှဝေသုံးစွဲခြင်းတို့ကို ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်ပညာရေးတက္ကသိုလ် ပထမနှစ်သင်တန်းသို့ တက်ရောက်ခွင့်ရရှိသူများ ကျောင်းဝင်မှတ်ပုံတင်စာရင်းသွင်းခွင့်ပြု

**ရန်ကုန် နိုဝင်ဘာ ၁၇**

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ရန်ကုန်ပညာရေးတက္ကသိုလ် ပထမနှစ်သင်တန်းသို့ တက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။ တက်ရောက်ခွင့်ရရှိကြသူများသည် နိုဝင်ဘာ ၁၈ ရက်မှစတင်၍ ကျောင်းဝင်မှတ်ပုံတင်စာရင်းသွင်းနိုင်ကြပြီဖြစ်ကြောင်း၊ လူတွေ့စစ်ဆေးခြင်းကို လာမည့်ဒီဇင်ဘာလ ပထမပတ်အတွင်းပြုလုပ်သွားမည်ဖြစ်ရာ အချိန်မီလာရောက်ဆက်သွယ်၍ ကျောင်းဝင်မှတ်ပုံတင်စာရင်းသွင်းကြရန်လိုအပ်ကြောင်း၊ ကျောင်းဆောင်နေထိုင်လိုသူများသည် ကျောင်းဆောင်နေထိုင်ခွင့်လျှောက်လွှာများ တစ်ပါတည်းတင်ပြနိုင်ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**



## ပျော်ဘွယ်မြို့နယ်အတွင်း ကျောင်းဆောင်သစ်များဆောက်လုပ်

**ပျော်ဘွယ် နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်တွင် ပညာရေးဝန်ကြီးဌာနမှ ကျောင်းဆောင်သစ်များ ဆောက်လုပ်လျက်ရှိသည်ဟု သိရသည်။ ပျော်ဘွယ်မြို့ အထက(၁)နှင့် အထက(ပန်းစုံ)တို့တွင် ပေ(၂၀၀ × ၃၀) STEEL STRUCTURE RC နှစ်ထပ်ကျောင်းဆောင်အဆင့်ဆောက်လုပ်မည်ဖြစ်ပြီး အထက(ခွဲ)ရန်အောင်တွင် ပေ (၁၄၀×၃၀) STEEL STRUCTURE RC နှစ်ထပ်ဆောက်လုပ်မည်ဟုသိရသည်။ ကျီနီရွာ(မူလွန်)၊ အလက(ခွဲ)ပန်းတောရွာ၊ပုတီးကုန်းရွာ(မူလွန်)တို့တွင်(၁၂၀×၃၀)ပေ အုတ်ညှပ်တစ်ထပ်ဆောက်လုပ်မည်ဖြစ်သည်။ ပျော်ဘွယ်မြို့ ရွှေပြည်ရန်နိုင် မူလတန်းကျောင်းတွင်(၈၀×၃၀)ပေ တစ်ထပ်အုတ်ညှပ်ကျောင်းဆောင်၊ သာယာအေးရွာ(အမက)၊ သပြေရိုး(အမက)၊ ဝါးရုံရွာ(အမက)၊ သဘွတ်(အမက-ခွဲ)၊ ဘုမကုန်း(အမကခွဲ)၊ ဆည်ရွာ (ရှေ့-အမက)တို့တွင်(၆၀×၃၀)ပေ အုပ်ညှပ်တစ်ထပ်ကျောင်းဆောင် သစ်များ ဆောက်လုပ်မည်ဟုသိရပြီး ပျော်ဘွယ် မြို့နယ်အတွင်း ကျောင်းဆောင်သစ် ၁၃ ဆောင်ကို ယခုအခါ ဆောက်လုပ်လျက်ရှိကြောင်း သိရ သည်။ **(လှိုင်သန်းတင့်-ရမည်းသင်း)**

## အထွေထွေရောဂါကုဆရာဝန်များ ညီလာခံကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့၏ (၁၅)ကြိမ်မြောက် အထွေထွေရောဂါကုဆရာဝန်များညီလာခံကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ရန်ကုန်မြို့ အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ညီလာခံသို့ တက်ရောက်မည့်သူများသည် နိုဝင်ဘာ ၂၅ ရက်မှ ၂၈ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဆေးပြခန်းယူထားသည့် ဆေးကုမ္ပဏီများအနေဖြင့် နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်(ဘီ)၌ ပြုလုပ်မည့်အစည်းအဝေးသို့ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**













# ပြည်သူတို့၏ဆန္ဒ၊ ပြည်သူတို့၏ လိုအပ်ချက်များအတိုင်း နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းရန် ဆောင်ရွက်ကြရမည်

ကလေး နိုဝင်ဘာ ၁၇

**ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကလေးဒေသခံပြည်သူများ တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**(ယာပုံ)



အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ရေးရာကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် သူရဦးအောင်ကိုနှင့် ဒေါက်တာခင်ရွှေ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၊ ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သတင်းမီဒီယာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားရာတွင် မိမိတို့သည် ပြည်သူများ၏ဆန္ဒ၊ ပြည်သူများ၏ လိုအပ်ချက်များကို ကြားသိနိုင်ရန် ရောက်ရှိလာရခြင်းဖြစ်ကြောင်း၊ "ပြည်သူ့အသံ လွှတ်တော်အသံ"၊ "ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ"၊ "ပြည်သူတို့၏လိုအပ်ချက် လွှတ်တော်က ဖော်ဆောင်ရွက်" ဟူသည့် ဆောင်ပုဒ်များအတိုင်း လွှတ်တော်မှ ဆောင်ရွက်လျက် ရှိနေပါကြောင်း၊ လွှတ်တော် ကျင်းပနေစဉ်အတွင်း ပြည်သူတို့၏ဆန္ဒများအား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက လွှတ်တော်ဥက္ကဋ္ဌများမှ တစ်ဆင့် မေးခွန်းများမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းများ တင်သွင်းခြင်းများကို လွှတ်တော်က ဆောင်ရွက်လျက် ရှိပါကြောင်း၊ လွှတ်တော်ရပ်နားချိန်တွင် ပြည်သူတို့၏ သဘောထားဆန္ဒများ၊ ပြည်သူတို့၏လိုအပ်ချက်များကို ပြည်သူတို့နှင့် ရင်းနှီးပွင့်လင်းစွာ တိုက်ရိုက်ထိတွေ့ရသဖြင့် ပြည်သူတို့၏ အကျိုးစီးပွား၊ နိုင်ငံအတွက်အကျိုးရှိမည့် ဆွေးနွေးချက်များကို များပြားစွာကြားသိရပါကြောင်း၊ လွှတ်တော်များတွင် ဥပဒေပြုရေးသည် အဓိကတာဝန်ဖြစ်ပြီး လွှတ်တော်များက ပြဋ္ဌာန်းထားသည့် ဥပဒေများအား ပြည်သူအားလုံး၊ အဖွဲ့အစည်းအားလုံးက လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိကို လွှတ်တော်များက စောင့်ကြည့်ရမည်ဖြစ်ကြောင်း၊ လွှတ်တော်အား မည်သို့ပင်သုံးသပ်ပြောဆိုကြသည်ဖြစ်စေ ယခုအချိန်တွင် လွှတ်တော်၏ လုပ်ဆောင်ချက်များအပေါ် မိမိတို့ပြည်သူများ၊ နိုင်ငံတကာနှင့် ကမ္ဘာက အသိအမှတ်ပြုလျက်ရှိနေပါကြောင်း၊ ယခုအခါ လွှတ်တော်ကိုယုံကြည်မှု၊ အားကိုးမှုများ ရရှိလာပြီဖြစ်သည်ကို လက်တွေ့မြင်တွေ့ရမှာဖြစ်ကြောင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှု၊ လျှပ်စစ်မီတာခများ တိုးမြှင့်ကောက်ခံမှုတို့နှင့်ပတ်သက်၍ အရေးကြီးအဆိုတင်သွင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ အပြုသဘောဆောင်တင်ပြချက်များကို အမြဲလက်ကမ်းကြိုဆိုလျက်ရှိပြီး နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားဖြစ်ထွန်းစေမည့် အကြောင်းအရာများ၊ မိမိတို့၏နစ်နာမှုများကို ပွင့်ပွင့်လင်းလင်းတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ဒေသဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များနှင့် တက်ရောက်လာကြသူများက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြည့်စွက်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်သူတို့အနေဖြင့် မိမိတို့၏ မှန်ကန်သည့်တင်ပြချက်များကို ရဲရဲတင်းတင်း တင်ပြကြရမည်၊ ဝန်ထမ်းများကလည်း ပြည်သူတို့၏ ဝန်ကိုထမ်းရမည့်ပြည်သူ့ဝန်ထမ်းများဖြစ်၍ ပြည်သူကိုအလုပ်အကျွေးပြုရမည်၊ ပြည်သူကရွေးချယ်ထားသည့် အစိုးရသည် ပြည်သူ့ဆန္ဒနှင့်အညီ အုပ်ချုပ်ရမည်၊ ပြည်သူ့ဝန်ထမ်းများသည် ပြည်သူတို့၏ သဘောထားဆန္ဒများနှင့် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ပြည်သူကိုဗဟိုပြု၊ ပြည်သူကို အခြေပြု၍ တရားဥပဒေနှင့်အညီ ပြည်သူကို လေးလေးစားစား၊ မှန်မှန်ကန်ကန် ညှိနှိုင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့လွှတ်တော်ကို ယုံကြည်၍ တင်ပြချက်များအား သစ္စာရှိစွာ ပေးဆပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးတို့ရရှိရန် ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲများမထားဘဲ နိုင်ငံနှင့် ပြည်သူတို့အကျိုးရှိစေမည့်၊ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကိစ္စရပ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြဋ္ဌာန်းပြီးသည့် ဥပဒေများအား ပြင်ဆင်/ပယ်ဖျက်/အသစ်ပြဋ္ဌာန်းနိုင်ရန် လွှတ်တော်များက ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ တန်းတူအခွင့်အရေးရရှိရေးတို့အတွက် တိုင်းရင်းသားအခွင့်အရေး ကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မြို့နယ်အလိုက်သုံးစွဲခွင့်ရရှိမည့် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများကို ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့၏ ဘတ်ဂျက်တွင်မပါရှိသည့် နယ်မြေဒေသအတွင်း မိမိတို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုလွှတ်တော်၏ အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၁၃)ပါ ဖွံ့ဖြိုးရေးရန်ပုံငွေထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့များ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ပြည်သူတို့နှင့် ပြည်သူ့ကိုယ်စားလှယ်များက မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန်နှင့် မျှမျှတတဖြစ်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူတို့၏တင်ပြချက်များကို အလျင်အမြန်ဆောင်ရွက်ရမည့် ကိစ္စရပ်များအား ချက်ချင်းဆောင်ရွက်ပေးပြီး ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ပြောကြားကာ အခမ်းအနားအပြီးတွင် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

## ✱ ဒုတိယသမ္မတမှ

ထိုမှတစ်ဆင့် ဒုတိယသမ္မတသည် တောင်ကြီးမြို့ အတုလမာရဇိန် ဆုတောင်းပြည့် မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံ၌ပြုလုပ်သည့် (၆၆)ကြိမ်မြောက် မြို့လုံးကျွတ် မဟာဘုံကထိန်လှူဒါန်းပွဲသို့ တက်ရောက်ပြီး နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ စွန်းလွန်းကျောင်းတိုက် ဦးစီးပဓာနမဟာနာယက ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသထံ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ ဝေဠုဝန်ပရိယတ္တိ စာသင်တိုက် အဂ္ဂသီတာဓမ္မာလင်္ကာရ ကျောင်းဆောင်သစ်၌ ကျောင်းထိုင်ဆရာတော်နှင့် သံဃာတော်များအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ဒုတိယသမ္မတ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အလှူရှင်များသည် ပင်လုံကျောင်းဆောင်သစ်ဆောက်လုပ်ရန်၊ လှိုင်လင်ဗိမာန်တော်ဆောက်လုပ်ရန်၊ ပင်လုံမြို့ရှိ ရှမ်းပိဋကတ်ကျောင်းတိုက် ထာဝရငွေပဒေသာပင်နှင့် ရှမ်းပိဋကတ်တော် ဘာသာပြန်ဆိုရန်အတွက် အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဟဲဟိုးမြို့မှ နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**

---

## ❁ ကော့သောင်းမြို့မှ

ဌာနဆိုင်ရာအဖွဲ့အစည်းများမှ မြန်မာ့ရိုးရာ မုန့်ပဲသရေစာများ၊ အသင့်စားသုံးနိုင်သည့် စားသောက်ဖွယ်ရာများမျိုးစုံစွာ လာရောက်ကျွေးမွေးလှူဒါန်းကြရာ မြို့နေပြည်သူများ၊ လူမျိုးဘာသာမရွေး၊ ကလေးသူငယ်များ၊ လူကြီးလူငယ် အရွယ်စုံ ကြိတ်ကြိတ်တိုး စည်ကားသိုက်မြိုက်စွာ မြန်မာ့ရိုးရာဓလေ့ပွဲတော်အား လာရောက်ဆင်နွှဲကြသည်။

အဆိုပါ စတုဒိသာနိဗ္ဗာန်ဈေးအလှူတော်ပွဲတွင် အိုးစည်ဒိုးပတ်အကများ၊ တေးဂီတဖျော်ဖြေပွဲများဖြင့် ဧည့်ခံဖျော်ဖြေကြရာ လာရောက်ကြသည့် ဒေသခံများ ကြက်ပျံမကျ စည်ကားလှပေရာ အခြားဒေသများနှင့်မတူ တစ်မူထူးခြားလှသော နယ်စပ်ဒေသ ကော့သောင်းမြို့၏ မြန်မာ့ဓလေ့ရိုးရာပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

---

**မီးမှန်သမျှ**
**သုံးတတ်က**
**မှချမီးဘေး**
**စဉ်ကင်းဝေး**

---

# မုံရွာမြို့နယ်ရဲတပ်ဖွဲ့ စခန်း၌ လုံခြုံရေးဆိုင်ရာအစည်းအဝေး ကျင်းပ

**မုံရွာ နိုဝင်ဘာ ၁၇**

မုံရွာမြို့နယ် ရဲတပ်ဖွဲ့စခန်း အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီက တန်ဆောင်မုန်းလပြည့်နေ့ည လုံခြုံရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကျင်းပရာ မုံရွာမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးကျော်အင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများက တန်ဆောင်မုန်းလပြည့်နေ့ညတွင် ရပ်ကွက်အသီးသီး၌ လုံခြုံရေးအထူးဂရုပြုဆောင်ရွက်ရန် ဆွေးနွေးကြသည်။ ထို့နောက် လက်ပံတောင်းတောင်တွင် နိုဝင်ဘာ ၁၄ ရက်က ဖြစ်ပွားခဲ့သော ဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်းခြင်း၊ မုံရွာမြို့ ပေါ်ဦးရွှေဆိုင် ဖောက်ထွင်းမှုအမှုမှန်ဖော်ထုတ်နိုင်ပြီး စစ်ဆေးလျက်ရှိခြင်းနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးလူမှုရေးကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာက ဥပဒေနှင့်အညီ စစ်ဆေးလျက်ရှိခြင်းတို့ကို ရှင်းလင်းသည်။

နိုဝင်ဘာ ၁၄ ရက်က လက်ပံတောင်းတောင် စီမံကိန်းဧရိယာ အင်ကြင်းတောင်ယာယီတဲသွားလမ်းနှင့် မုံရွာ-ပုသိမ်ကားလမ်းရှိ လုံခြုံရေးရဲကင်းကို မိုးကြိုးပြင်ကျေးရွာမှ ဒေသခံ ၁၅၀ ခန့်က လေးခွများ၊ ကျောက်ခဲများဖြင့် ပစ်ခတ်ခဲ့ကြောင်း အခင်းဖြစ်ပွားချိန်တွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဦးစီးသော လုံခြုံရေးတပ်စုနှစ်စု သွားရောက်သည့်အခါ မိုးကြိုးပြင်ဒေသခံ ၁၅၀ ခန့်က လေးခွများ၊ ခဲများဖြင့် ပစ်ပေါက်သည့်အတွက် မော်တော်ယာဉ်နှစ်စီးနှင့် ရဲတပ်ဖွဲ့ဝင်ကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ရဲတပ်ဖွဲ့ဝင်များက အဓိကရုဏ်းသုံးသေနတ်ဖြင့် ပထမမိုးပေါ်ထောင်ပြီး ပစ်ကြောင်း၊ ထိုအခါ ရွာသားများက "တည့်တည့်မပစ်ရဲဘူး၊ ချ"ဆိုပြီး လေးဂွများ၊ ခဲများဖြင့် အတင်းအဓမ္မပစ်သည့်အတွက် ကာကွယ်ရန် ပြန်လည်ပစ်ခတ်ခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရွာသားအချို့လည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းတို့ကို ရဲတပ်ဖွဲ့မှူး ရဲမှူးကြူအင်းက ရှင်းလင်းခဲ့သည်။

အဆိုပါ လုံခြုံရေးဆိုင်ရာ အစည်းအဝေးကို လစဉ်ကျင်းပလျက်ရှိပြီး အစည်းအဝေးတွင် ရဲတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များမှ အားနည်းချက်၊ အားသာချက်များကို ဆွေးနွေးပြီး ပြုပြင်သင့်သည့်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မျိုးဝင်းထွန်း-မုံရွာ)**

---

# သိမ်းဆည်းမြေများအား မူလစိုက်ပျိုးလုပ်ကိုင်သူ တောင်သူ ၂၀ ထံသို့ ပြန်လည်ပေးအပ်

**ဘားအံ နိုဝင်ဘာ ၁၇**

ကရင်ပြည်နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအနေဖြင့် သိမ်းဆည်းမြေ ၆၂ ဒသမ ၂၇ ဧကအား မူလစိုက်ပျိုးလုပ်ကိုင်သူ တောင်သူ ၂၀ ၏ လက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါကိစ္စရပ်များနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၃ ရက်က ကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်က လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုတိုက်တွန်းချက်များအပေါ် ဆောင်ရွက်ရမည့် သိမ်းဆည်းမြေဆိုင်ရာကိစ္စရပ်များ၊ ဒုတိယအဆင့် ဆောင်ရွက်မည့် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း လုပ်ငန်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်ကိစ္စရပ်များ၊ လယ်ယာမြေများပေါ်တွင် အခြားနည်းအသုံးပြုထားရှိမှုများနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်ကိစ္စရပ်များ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများအား စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်သွားရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ ပြည်နယ်ကော်မတီဝင်များ၏ တင်ပြဆွေးနွေးချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## နိုင်ငံတကာသတင်း

# ဓာတုအဆိပ်သင့် စက်မှုအညစ်အကြေးများ စုပုံမှု အီတလီ မာဖီးယားဂိုဏ်းကို ကန့်ကွက်ဆန္ဒပြ

**ရောမ နိုဝင်ဘာ ၁၇**

အီတလီနိုင်ငံတောင်ပိုင်း နေပယ်လ်မြို့၌ အဆိပ်အတောက်များပါဝင်နေသော စက်မှုအညစ်အကြေးများအား ဥပဒေမဲ့ စွန့်ပစ်စုပုံမှုဖြင့် ဒေသဆိုင်ရာ မာဖီးယားဂိုဏ်းတစ်ဂိုဏ်းကို ပြည်သူများက ကန့်ကွက်ဆန္ဒပြခဲ့ကြကြောင်း သတင်းဌာနများက နိုဝင်ဘာ ၁၇ရက်တွင် ရေးသားဖော်ပြသည်။

နေပယ်လ်မြို့၌ ဓာတုအဆိပ်ညစ်ညမ်းမှုကြောင့် ကင်ဆာရောဂါဖြစ်ပွားမှု ပိုမိုများပြားလာကြောင်း ဆန္ဒပြသူများက ပြောကြားကြသည်။ ဆန္ဒပြသူများသည် ကင်ဆာရောဂါဖြင့် သေဆုံးခဲ့ကြရသော ၎င်းတို့၏ မိသားစုနှင့် ဆွေမျိုးသားချင်းများ၏ ဓာတ်ပုံများကို ကိုင်ဆောင်လာခဲ့ကြသည်။

အဆိပ်ဓာတ်ပါဝင်သော စက်မှုအညစ်အကြေးများကို မီးရှို့ဖျက်ဆီးရာမှ ပေါ်ထွက်လာသော မီးခိုးများကို နေပယ်လ်မြို့နှင့် ကာဆာတာမြို့ နှစ်မြို့ကြားရှိ ဒေသမှ ပြည်သူများ ရှူရှိုက်နေကြရကြောင်း ဆန္ဒပြသူများက ပြောကြားကြသည်။

လွန်ခဲ့သည့် နှစ် ၂၀ ကာလအတွင်း ယင်းဒေသ၌ ဓာတုအဆိပ်သင့် စက်မှုအညစ်အကြေး တန်ချိန် ၁၀သန်းခန့်ကို စုပုံဖျက်ဆီးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ဓာတုအဆိပ်သင့် စက်မှုအညစ်အကြေးများကို ဥပဒေမဲ့ စုပုံဖျက်ဆီးမှုလုပ်ငန်း၌ ကုမ္ပဏီ ၄၄၀ ခန့် ပါဝင်ပတ်သက်နေကြောင်း ဆန္ဒပြပွဲကို စီစဉ်ကျင်းပခဲ့သော လီဂန်ဘီယန့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က ပြောကြားသည်။

ဓာတုအဆိပ်သင့်ပစ္စည်း စုပုံဖျက်ဆီးသော လုပ်ငန်းသည် ဝင်ငွေအထူးကောင်းမွန်သောလုပ်ငန်း တစ်ရပ်ဖြစ်ပြီး မာဖီးယားဂိုဏ်းသားများက ကန်ထရိုက်စာချုပ်စနစ်ဖြင့် လုပ်ငန်းလက်ခံကာ လုပ်ဆောင်လျက်ရှိကြကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။ **ပီတီအိုင်။**



ဓာတုအဆိပ်သင့် စက်မှုအညစ်အကြေးများ စုပုံနေမှုအား အီတလီနိုင်ငံ နေပယ်လ်မြို့၌ ကန့်ကွက်ဆန္ဒပြမှုကို တွေ့ရစဉ်။

# ဖူကူရှီးမား နျူစက်ရုံမှ လောင်စာချောင်းများ ရှင်းလင်းဖယ်ရှားမှုလုပ်ငန်းစတင်မည်

**တိုကျို နိုဝင်ဘာ ၁၇**

ဆူနာမိရေလှိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသော ဖူကူရှီးမားနျူကလီးယားစက်ရုံမှ နျူကလီးယားလောင်စာချောင်းများကို လာမည့်ရက်သတ္တပတ်တွင် စတင်ရှင်းလင်းဖယ်ရှားမည်ဖြစ်ကြောင်း ယင်းစက်ရုံကို ဖွင့်လှစ်ထားသော တိုကျို လျှပ်စစ်ဓာတ်အားကုမ္ပဏီက နိုဝင်ဘာ ၁၇ရက်တွင်ပြောကြားသည်။

နျူကလီးယားလောင်စာချောင်းများ ရှင်းလင်းဖယ်ရှားသော အထူးလုပ်ငန်းကို နိုဝင်ဘာ ၁၈ ရက်တွင်စတင်မည်ဖြစ်ကြောင်း တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီ၏ ပြောကြားချက်ကို ကိုးကား၍ ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

အသုံးပြုပြီး လောင်စာချောင်း ၁၃၃၁ ချောင်းနှင့် အသုံးမပြုရသေးသော လောင်စာချောင်း ၂၀၂ ချောင်းတို့ကို နျူကလီးယားစက်ရုံအတွင်းမှ ရှင်းလင်းဖယ်ရှားမည် ဖြစ်သည်။ ယင်းလောင်စာချောင်းများကို စက်ရုံမှ ကိုက် ၁၀၀ ခန့်ကွာဝေးသော အခြားအဆောက်အအုံတစ်လုံးသို့ ရွှေ့ပြောင်းမည်ဖြစ်သည်။

၂၀၁၁ ခုနှစ် မတ်လက မြေငလျင်လှုပ်မှုနှင့်အတူ ဆူနာမိရေလှိုင်းရိုက်ခတ်ခဲ့သဖြင့် ဖူကူရှီးမားနျူကလီးယားစက်ရုံရှိ ဓာတ်ပေါင်းဖိုလေးလုံးအနက် သုံးလုံးမှာ ပျက်စီးခဲ့ရပြီး ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ဖြစ်ပေါ်စေခဲ့သည်။ **ရိုက်တာ။**



# ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် မိုးသည်းထန်၊ ရေလွှမ်းမှုဖြစ်ပွား၍ လူအများအပြားသေဆုံး

ဟန္နိုင်း နိုဝင်ဘာ ၁၇

**ဗီယက်နမ်နိုင်ငံတွင် နိုဝင်ဘာ ၁၅ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီး၊ မြေပြိုမှုများဖြစ်ပွားခဲ့ရာ ၂၈ ဦးထက်မနည်းသေဆုံးပြီး ကိုးဦးပျောက်ဆုံးနေကြောင်း၊ ပြည်သူ ၈၀၀၀၀ ခန့်မှာ အိုးမဲ့အိမ်မဲ့ဖြစ်ကြရပြီး ပြည်နယ်ငါးခုတွင် လူအသေအပျောက်များရှိခဲ့ကြောင်း အမျိုးသားရေဘေးနှင့် မုန်တိုင်းအန္တရာယ်ထိန်းချုပ်ရေးဌာန၏ ထုတ်ပြန်မှုကို ယနေ့ အေပီသတင်းတွင် ဖော်ပြသည်။**

ဗီယက်နမ်နိုင်ငံရှိ ကွမ်ငိုင်ပြည်၌ ရေဘေးသင့်ရောက်မှု ၁၉၉၉ ခုနှစ်တွင် ကျရောက်ခဲ့သော အခြေအနေထက် ပိုမိုဆိုးရွားသည်ဟု ဆိုသည်။ ယင်းအပူပိုင်း မုန်တိုင်းဒဏ်ကြောင့် ဗီယက်နမ်နိုင်ငံတစ်ဝန်း၌ မိုးများရွာသွန်းခဲ့သည်။

ယခုရက်သတ္တပတ် အစောပိုင်းရက်များက ဖိလစ်ပိုင်နိုင်ငံအား ဖြတ်သန်းတိုက်ခတ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ဟိုင်ယန်သည် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းမှ ပြည်နယ်အချို့သို့ ဝင်ရောက်ခဲ့ရာ မြေပြိုမှုများဖြစ်ပွားပြီး လူ ၁၃ဦးထက်မနည်း သေဆုံးခဲ့ကာ ၈၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ခြောက်သွေ့တောင်ကုန်းပြည်နယ်များ၏ စိုက်ပျိုးသီးနှံများဖြစ်သော ပဲတောင့်ရှည်နှင့် ကော်ဖီသီးနှံစိုက်ပျိုးသူများကို ထိခိုက်ပျက်စီးစေခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်းကော်ဖီကုန်ကြမ်း ထုတ်လုပ်သောနိုင်ငံဖြစ်ပြီး ကမ္ဘာ့ကော်ဖီကုန်ကြမ်း ထွက်ကုန်၏ ၁၇ ရာခိုင်နှုန်းမျှရှိသည်။

ရေကြီးနစ်မြုပ်ခြင်းခံရသောဒေသအချို့တွင် ရေများ စတင်ကျဆင်းနေပြီဖြစ်သည်။ ဒေသခံများအား ၎င်းတို့နေထိုင်ရာအရပ်များသို့ ပြန်လည်သွားရောက်ခွင့်ပြုခဲ့ပြီး ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ **အေပီ။**



ဗီယက်နမ်နိုင်ငံ အလယ်ပိုင်းဒေသတစ်နေရာ၌ မိုးသည်းထန်မှုကြောင့် ရေလွှမ်းမှုမြင်ကွင်း။

## ဒုက္ခသည်များအားကူညီရန် ဗြိတိန်စစ်သင်္ဘော ဖိလစ်ပိုင်ရောက်ရှိ

**မနီလာ နိုဝင်ဘာ ၁၇**

တိုင်ဖွန်းမုန်တိုင်းဒဏ်သင့် ဖိလစ်ပိုင် ပြည်သူများအား အရေးပေါ်ကူညီမှုများပြုလုပ်ရန်အတွက် ဗြိတိန်နိုင်ငံမှ ဖျက်သင်္ဘောကြီး အိပ်ချ်အမ်အက်စ်ဒါရင်းသည် ဖိလစ်ပိုင်နိုင်ငံသို့ ယနေ့ရောက်ရှိလာကြောင်း ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

မုန်တိုင်းဘေးသင့် ဇုန်အတွင်းရှိ စီဘူးကျွန်းသို့ဆိုက်ရောက်လာသော ယင်းစစ်သင်္ဘောကြီးသည် သဘာဝဘေးဒုက္ခသင့်ရောက်ခဲ့သော ဖိလစ်ပိုင်ပြည်သူများအားကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဟု ဆိုသည်။ ဗြိတိသျှနိုင်ငံတကာအကူအညီပေးရေးဝန်ကြီးဌာန ဝန်ကြီး ဂျပ်စ်စတင်း ဂရင်းနင်းက ဘီဘီစီသတင်းဌာနသို့ ပြောကြားရာ၌ ဖိလစ်ပိုင် သဘာဝဘေး ဒုက္ခသည်များအား ငွေကြေးထောက်ပံ့မှုအမြောက်အမြားပြုဖွယ်ရှိသည်ဟုဆိုသည်။ ယင်းမုန်တိုင်းဒဏ်ကြောင့် ထောင်နှင့်ချီသေဆုံးသော ဖိလစ်ပိုင်နိုင်ငံသားများထဲတွင် ပျောက်ဆုံးနေသည့် ဗြိတိန်နိုင်ငံသားအချို့လည်း ပါဝင်နေသည်။ **ဘီဘီစီ။**






# တံတားဦးမြို့နယ်ရှိ ပဥ္စမာလိန္ဒ ရတနာမြစည်းခုံစေတီတော်အား

## ရတနာစိန်ဖူးတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် သင်ပန်းကျေးရွာ၌ တည်ထားကိုးကွယ်လျက်ရှိသည့် ပဥ္စမာလိန္ဒ ရတနာမြစည်းခုံစေတီတော်အား ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် အဆိုပါစေတီတော်၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်ဇနီး ဒေါ်ခင်ပြုံး မိသားစု တက်ရောက်ကြည်ညို ပူဇော်ကြသည်။

ရှေးဦးစွာ တံတားဦးမြို့နယ် မေဃဝန်ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကေသရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရတနာစိန်ဖူးတော်အား မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက် ပါဠိနယူပဒေသကျောင်း ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ပရိသတ်များက ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ပါဠိနယူပဒေသကျောင်း ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါစေတီတော်မြတ်ကြီးအား အင်းဝခေတ်တွင် မဟာသီဟသူရမင်းက တည်ထားကိုးကွယ်ခဲ့ပြီး ၂၀၁၂ ခုနှစ် ၁၁ လပိုင်းတွင် ဖြစ်ပွားခဲ့သည့် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် မိသားစုက စေတီတော်မြတ်ကြီးအား ပြန်လည်ပြုပြင်၍ ထီးတော်အသစ် တင်လှူပူဇော်ခြင်းဖြစ်သည်။ **(သတင်းစဉ်)**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ရတနာစိန်ဖူးတော်အား မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက် ပါဠိနယူပဒေသကျောင်း ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသထံ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



# အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်နှင့်

## ဇာနည်မျိုးဆက် ပညာအခမဲ့အလွတ်ပညာသင်ကျောင်း၌ ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၇

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းသည် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ အောင်ဆန်းရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်သို့ နိုဝင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် သွားရောက်ကြည့်ရှုလေ့လာပြီး အလှူငွေနှစ်သိန်းပေးအပ်လှူဒါန်းသည်။**(ဝဲပုံ)

ထို့နောက် နတ်မောက်မြို့ရှိဇာနည်မျိုးဆက် ပညာအခမဲ့ အလွတ်ပညာသင်ကျောင်းသို့ရောက်ရှိပြီး အလှူငွေသုံးသိန်းပေးအပ်လှူဒါန်းကာ ဆုတောင်းပြည့်ဘုရားကြီးကျောင်း၌ အလှူငွေပစ္စည်းနှင့်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့သည်။

နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌသည် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် တမာပင်ကျောင်းတိုက်၌ကျင်းပသည့် ကထိန်နှင့် ရဟန်းခံအလှူတော်မင်္ဂလာပွဲသို့ တက်ရောက်ကြည်ညိုကြပြီး အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း မိသားစုက တမာပင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တတေဇနိယနှင့် ပင့်သံဃာအပါး ၁၀၀ တို့အား ကထိန်သင်္ကန်းနှင့် MP3, Digital AUDIO တစ်စုံ၊ Water Cooler သုံးလုံးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်မြို့ သုဝဏ္ဏကွင်းအနီး လမ်းကြောင်းတစ်လျှောက်၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ လုံလောက်စွာထားမည်

**ရန်ကုန် နိုဝင်ဘာ ၁၇**

(၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲကြီးအား မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပတော့မည်ဖြစ်ရာ ရန်ကုန်မြို့ သုဝဏ္ဏကွင်းအနီး လမ်းကြောင်းတစ်လျှောက်၌ ယာဉ်ထိန်းရဲအရာရှိများနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား လုံလောက်စွာ ထားရှိသွားမည် ဖြစ်သည်။

အဆိုပါ ယာဉ်ထိန်းရဲအရာရှိများနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား လုံလောက်စွာထားရှိသွားမည့်ကိစ္စနှင့် စပ်လျဉ်း၍ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး(ရန်ကုန်)မှ ရဲမှူးကြီးလင်းထွဋ်မှုက "သုဝဏ္ဏကွင်းမှာက Event သုံးမျိုးရှိလိမ့်မယ်။ ကွင်းရဲ့ဝဲဘက်ခြမ်းမှာက ဘောလုံးပြိုင်ပွဲရှိမယ်လေ။ နောက်ပြီးကွင်းရဲ့ ယာဘက်အခြမ်းမှာကျတော့ နပန်းပြိုင်ပွဲနဲ့ကမ်ပိုပြိုင်ပွဲရှိမှာပါ။ အဲ့ဒီကွင်းရဲ့ ဝဲဘက်အခြမ်းနဲ့ ယာဘက်အခြမ်းနှစ်ခုစလုံးမှာ ယာဉ်ထိန်းရဲအရာရှိ အမျိုးသားနှစ်ဦးနဲ့ အမျိုးသမီးတစ်ဦးထားရှိပြီး အခြားအဆင့်ဖြစ်တဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ၁၇ ဦးစီကို နှစ်ဖက်လုံးမှာထားရှိသွားမှာပါ"ဟု ရှင်းပြသည်။

သုဝဏ္ဏကွင်း၏ဝဲဘက်အခြမ်းဖြစ်သည့် ဘောလုံးပြိုင်ပွဲကျင်းပမည့် နေရာလမ်းကြောင်းတစ်လျှောက်ရှိ ဝေဇယန္တာလေးထောင့်ကန်လမ်းဆုံ၌ ယာဉ်ထိန်းရဲတပ်ဖွဲ့သုံးဦး၊ လေးထောင့်ကန်သုမင်္ဂလာလမ်းဆုံ၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ နှစ်ဦး၊ ဝေဇယန္တာသံသုမာလမ်းဆုံ၌ယာဉ်ထိန်းရဲနှစ်ဦး၊ ဝေဇယန္တာလမ်းဝင်ပေါက် (၁) ၌ ယာဉ်ထိန်းရဲအရာရှိတစ်ဦးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်သုံးဦး၊ VIP ဝင်ပေါက်နေရာနှစ်ခုရှိရာ VIP ဝင်ပေါက်နေရာတစ်ခု၌ ယာဉ်ထိန်းရဲအရာရှိတစ်ဦးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် သုံးဦး၊ အခြား VIP ဝင်ပေါက်နေရာ၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တစ်ဦး၊ VIP ကားပါကင်နေရာ၌ ယာဉ်ထိန်းရဲအရာရှိ တစ်ဦးနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ သုံးဦးတို့ဖြင့် စုစုပေါင်း ၂၀ ထားရှိမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၏ ယာဘက်အခြမ်းဖြစ်သည့် ယင်းကဲ့သို့ နေရာတူလမ်းကြောင်းများဖြစ်သော ကမ်ပိုအားကစားပြိုင်ပွဲနှင့် နပန်းအားကစားပြိုင်ပွဲများကျင်းပမည့် လမ်းကြောင်းတွင်လည်း ယာဉ်ထိန်းရဲအရာရှိ သုံးဦးစီနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ၁၇ ဦးစီ ထားရှိသွားမည်ဖြစ်ကြောင်း ထပ်မံသိရှိရသည်။ **(စိုး၀င်း-MLA)**








# ဆေးလိပ်ဆိုးကျိုး

## မြန်မာ့အလင်း ဒေါင်း သန်း

မိမိကဲ့သို့ နှစ်ပေါင်းလေးဆယ်ကျော် ဆေးလိပ်စွဲခဲ့သူတစ်ဦးအဖို့ ဆေးလိပ်၏ဆိုးကျိုးကား ကြီးမားလှသည်။ သို့ပါလျက်နှင့် ဆေးလိပ်ကို မသောက်ရမနေနိုင်အောင် မိမိကဲ့သို့ စွဲသူတို့ မရေမတွက်နိုင်အောင်ရှိသည်။ ယင်းသို့စွဲနေခြင်းသည် စွဲစေသောမူးယစ်ဆေးတို့ ဆေးလိပ်တွင် ပါဝင်နေ၍ဖြစ်သည်။ ဆေးလိပ်အဖြစ် စီးကရက်၊ ဆေးပေါ့လိပ်၊ ဗီဒီအဖြစ်ပုံသဏ္ဌာန် သုံးမျိုးထုတ်ဝေ၏။ ယခုအခါ ဆေးလိပ်သောက်သုံးမှု အကျင့်ဆိုးသည် ဤကမ္ဘာကြီးတွင် ကူးစက်တတ်သောရောဂါပမာ လျင်မြန်စွာတိုးပွားနေသည်မှာ ဝမ်းနည်းစရာ ကောင်းလှပေသည်။

မြန်မာ့ဓလေ့တွင် ဧည့်သည်လာသည့်အခါ ကွမ်း၊ ဆေးလိပ် တည်လေ့ရှိသည်။ ဆေးလိပ်သောက်အကျင့်ရှိသူက မီးညှိ၍ ဆေးလိပ်ဖွာသလို ဆေးလိပ်မြည်းစမ်းကြည့်လိုသူတို့ကလည်း ဆေးလိပ်ကိုစမ်းသပ်သောက်တတ်ကြသည်။ ဤနည်းအားဖြင့် ဆေးလိပ်စွဲသွားသူလည်း ရှိသည်။ အချို့ဆေးလိပ်သောက်သူများသည် ကလေးသူငယ်များကို ဆေးလိပ်မီးညှိခိုင်းရာက ကလေးတို့ ဆေးလိပ်သောက်တတ်လာ၏။ ဤနည်းအားဖြင့် လူကြီးများက ဆေးလိပ်သောက်မှုအကျင့်ဆိုးကို ကလေးသူငယ်တို့အား ဖြန့်ဖြူးကမ်းလှမ်းလေ့ရှိသည်။

ယနေ့ခေတ်အသုံးပြုသော ဆေးလိပ်များအနက် စီးကရက်သည် အတွင်ကျယ်ဆုံး၊ အများဆုံးနှင့် သုံးစွဲမှုအလွယ်ကူဆုံးဖြစ်သည်။ စီးကရက်ကို ဘယ်မှာဝယ်ဝယ် ဝယ်၍ရသည်။ သောက်သုံးရန်လည်း အလွန်လွယ်ကူ၏။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ဆေးရွက်ကြီးသုံးစွဲမှု၏ ရှစ်ဆယ်ရာခိုင်နှုန်းသည် စီးကရက်အဖြစ် အသုံးပြုကြသည်။ မြန်မာနိုင်ငံတွင်မူဆေးပေါ့လိပ်ကိုလည်း တွင်ကျယ်စွာ ထုတ်လုပ်ပါသည်။ စီးကရက်အတွက် ဆေးရွက်ကြီးအသုံးပြုသလို ဆေးပေါ့လိပ်အတွက်လည်း အသုံးပြုရ၍ စီးကရက်၊ ဆေးပေါ့လိပ်အတွက် ဆေးရွက်ကြီး အသုံးပြုမှုသည် ဆတူခန့်ရှိသည်။

စီးကရက်သည် အလွန်မာယာများသည်။ စီးကရက်ကနေ၍ ငွေကုဋေပေါင်းများစွာ ဝင်ငွေရသော စီးကရက်ကုမ္ပဏီကြီးတို့သည် စီးကရက်လုပ်ရန် ဆေးရွက်ကြီး စစိုက်ကတည်းက ထုတ်လုပ်မှုပုံစံအမျိုးမျိုးကို အသုံးပြုကြသည်။ စိုက်ပျိုးသောဆေးရွက်ကြီးများကို မိမိတို့အလိုရှိသော အရသာနှင့် အနံ့ရအောင်၊ ကြာရှည်ခံအောင် ဓာတ်ပြုမှု၊ ဓာတ်ပေါင်းမှု၊ ဓာတ်ပြောင်းလဲမှုတို့ဖြင့် ပြုစုပျိုးထောင်ကြသည်။ ဓာတုနည်းအမျိုးမျိုးဖြင့် ပြုပြင်ပြောင်းလဲထားသော ဆေးရွက်ကြီးတို့ကနေ၍ စီးကရက်ဖြစ်လာကြ၏။ ထိုအခါတွင် လူကိုဒုက္ခပေးသော၊ အန္တရာယ်ဖြစ်စေသော ဓာတုအဆိပ်တို့သည် စီးကရက်တွင် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပါဝင်လာကြသည်။

မည်သည့်စီးကရက်တွင်မဆို လူကိုရေရှည်ဆိုးကျိုးပေးသည့် ကတ္တရာနှင့် နီကိုတင်းတို့ပါသည် ချည်းဖြစ်၏။ ကတ္တရာနှင့် နီကိုတင်းအနည်းနှင့် အများပါရှိသော စီးကရက်အမျိုးမျိုးတို့ကို ထုတ်လုပ်ကြသည်။ သုတေသနပြုလေ့လာစစ်ဆေးချက်များအရ ကတ္တရာများသည့် စီးကရက် သောက်သူအဖို့ ဖွာရှိုက်ရာတွင် အားမစိုက်ရဘဲ လွယ်ကူသည်ဟုဆို၏။ ကတ္တရာနည်းစီးကရက်များမှာမူ ပြင်းထန်စွာဖွာရခြင်းနှင့် အားစိုက်ရှူရှိုက်ရခြင်း တို့ကြောင့် သောက်သုံးသူအဖို့ ဓလေ့ဆိုးများဖြစ်ပေါ်သည်ဟု သိရှိရလေသည်။

စီးကရက်စက်ရုံသုံး စပ်ဆေးများသည်လည်း အန္တရာယ်ဖြစ်စေသည်ပင်။ စပ်ဆေးအချို့သည် ဓာတ်ပြောင်းမှုကြောင့် အန္တရာယ်ရှိသည်။ မီးညှိဖွာရှိုက်သည့်အခါ မီးလောင်ကျွမ်းမှုကြောင့် ဦးစွာလူ့ကိုယ်ခန္ဓာကို အဆိပ်ဖြစ်စေသည်။ ထို့ပြင် ကင်ဆာဖြစ်စေသော ဓာတုပစ္စည်းများအဖြစ်သို့ ဓာတ်ပြောင်းလဲ ဖြစ်ပေါ်စေသည်။ ဓာတ်ခွဲခန်းတွင် စမ်းသပ်ချက်အရ ကင်ဆာဖြစ်စေတတ်သော အက်သလင်းအောက်ဆိုက်အဖြစ်သို့ ပြောင်းလဲသွားကြောင်း တွေ့ရှိရသည်။

ဆေးလိပ်သောက်သူများသည် နံနက်ပိုင်းချောင်းဆိုးခြင်း၊ သလိပ်ထွက်ခြင်း၊ မောပန်းခြင်း၊ နာတာရှည် လေပြွန်ရောင်ရမ်းခြင်း စသော အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများကို စီးကရက်ကြောင့်ဖြစ်စေသည်။ အဆုတ်ကင်ဆာရောဂါ ပိုမိုဖြစ်စေသည်။ အလုပ်ခွင်တွင်လည်း မကြာခဏ အလုပ်ပျက်လာခြင်း၊ မိသားစုထဲတွင် မကြာခဏ ဆေးဝါးကုသမှုပြုရခြင်း၊ လုပ်ငန်းခွင်တွင်လည်း မတော်တဆထိခိုက်အန္တရာယ်ဖြစ်စေတတ်ခြင်းတို့ကို ခံစားလာရသည်။ ယင်းသည် စနစ်တကျ သုတေသနပြုထားသော အမျိုးသားကျန်းမာရေးကော်မတီ၏ လေ့လာတွေ့ရှိချက်များဖြစ်သည်။

ဆေးလိပ်ကို အချိန်ကြာမြင့်စွာ သောက်သုံးနေသူသည် ဆေးလိပ်လုံးဝမသောက်သုံးသူထက် စောစီးစွာသေဆုံးဖို့ ငါးဆယ်ရာခိုင်နှုန်းသေချာသည်။ မိဘနှင့်အသက်ကြီးသူ အစ်ကို၊ အဖေတို့ ဆေးလိပ်သောက်လျှင်၊ ဆေးလိပ်က ထွက်ရှိလာသော မီးခိုးငွေ့တို့ကြောင့် ကလေးသူငယ်များအဖို့ အဆုတ်လေပြွန်ရောင်ခြင်း၊ နမိုးနီးယားရောဂါဖြစ်လာခြင်းနှင့် ရင်ကျပ်ပန်းနာဝေဒနာများ ခံစားလာရတတ်သည်။

ဆေးလိပ်သောက်သော ကိုယ်ဝန်ဆောင်အမျိုးသမီးများကြောင့် သေးငယ်ပေါင်မပြည့်သော ကလေးများ မွေးဖွားခြင်း၊ ကလေး အဖတ်မတင်ခြင်း၊ ကလေးပျက်ကျတတ်ခြင်းများဖြစ်စေတတ်သည်။ ထိုမျှမက မွေးလာသော ကလေးသည် ကိုယ်အင်္ဂါမပြည့်စုံဘဲလည်း ဖြစ်တတ်ကြသည်။ မိခင်ကိုယ်တိုင်လည်း ကိုယ်ဝန်အဆိပ်တက်ခြင်းဝေဒနာကို ခံစားရတတ်လေသည်။

ကိုယ်ဝန်ဆောင်မိခင်ကိုယ်တိုင် ဆေးလိပ်သောက်သုံးခြင်းကြောင့် သန္ဓေသားနှလုံးခုန်မြန်စေခြင်း၊ အသက်ရှူနှုန်းနှေးခြင်း၊ ချက်ကြိုးသွေးတွင် အဆိပ်ဓာတ်ငွေ့ကာဗွန်မိုနော့ဆိုက်များပြားနေခြင်းတို့ ဖြစ်စေတတ်သည်။ အမျိုးသားများကဲ့သို့ပင် အမျိုးသမီးများသည်လည်း ဆေးလိပ်သောက်သုံးသည့်အတွက် စောစီးစွာ သေဆုံးတတ်သည်ဟုလည်း သိရှိရသည်။

ဘာမျှကောင်းကျိုးမပေးသော ဆေးလိပ်ကို ရွံရှာစက်ဆုပ်ပြီး ဆေးလိပ်ဖြတ်လိုသူတို့ရှိပါလျှင် ဖြတ်ရန်နည်းလမ်းသည် မိမိကိုယ်တွေ့ အလွန်လွယ်သည်။ ဆေးလိပ်ကို တိကနဲ မသောက်ဘဲဖြတ်လိုက်ရုံပင်ဖြစ်သည်။

ယင်းသို့ ဖြတ်လိုက်သည့်အတွက် ဆေးလိပ်မသောက်ရမနေနိုင်၊ လက္ခဏာများပေါ်လာတတ်သည်။ မိမိစိတ်ကိုနိုင်နင်းစွာ တောင့်ခံပါ။ ၂၄ နာရီကျော်လွန်သွားလျှင် နောက်ထပ် ၄၈ နာရီပိုမိုခံနိုင်ရည်ရှိလာမည်။ ဤနည်းအားဖြင့် ၇ ရက်မြောက်လျှင် ဆေးလိပ်ကို အောင်နိုင်ပြီဖြစ်သည်။

ဒုက္ခပေးသော ဆေးလိပ်ကို ရှောင်ကြဉ်ခြင်းအားဖြင့် ကျန်းမာသောသူ၊ ကြံ့ခိုင်သောသူ၊ အသက်ရှည်သောသူ၊ မိသားစုကို စောင့်ရှောက်သောသူအဖြစ် ဂုဏ်ယူရပ်တည်လာနိုင်မည်။ ယင်းနည်းအားဖြင့် မိမိကိုယ်ကိုလည်းကောင်း၊ အခြားသူအပေါင်းကိုလည်းကောင်း ဆေးလိပ်၏ အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ကြပါရန် လေးစားစွာတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**ဆေးလိပ်သောက်သော ကိုယ်ဝန်ဆောင်အမျိုးသမီးများကြောင့် သေးငယ်ပေါင်မပြည့်သော ကလေးများ မွေးဖွားခြင်း၊ ကလေး အဖတ်မတင်ခြင်း၊ ကလေးပျက်ကျတတ်ခြင်းများဖြစ်စေတတ်သည်။ ထိုမျှမက မွေးလာသော ကလေးသည် ကိုယ်အင်္ဂါမပြည့်စုံဘဲလည်း ဖြစ်တတ်ကြသည်။ မိခင်ကိုယ်တိုင်လည်း ကိုယ်ဝန်အဆိပ်တက်ခြင်းဝေဒနာကို ခံစားရတတ်လေသည်။**

# မြောင်းမြခရိုင်နှင့် မြို့နယ်ဝန်ထမ်းပေါင်းစုံ ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

**မြောင်းမြ နိုဝင်ဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်နှင့် မြို့နယ်ဝန်ထမ်းပေါင်းစုံ ဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၅ ရက်က မြောင်းမြမြို့ သာသနာ့ဗိမာန်တော်၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးဝင်းကိုကို၊ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်၊ ခရိုင်နှင့် မြို့နယ်များမှဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များတက်ရောက်ကြပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မြို့နယ်ဂိုဏ်းပေါင်းစုံသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အလယ်တောရစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် (မဟာဂန္ထဝါစကပဏ္ဍိတ) ဘဒ္ဒန္တပညာသီဟအရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ရေစက်သွန်းချ အမျှပေးဝေ၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ လှူဒါန်းမှုအစုစု၏ တန်ဖိုးငွေကျပ် ၅၁၂၄၀၅၀ ကို မြောင်းမြမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်များနှင့် ကမ္မဋ္ဌာန်းကျောင်းတိုက်များသို့ ပေးပို့လှူဒါန်းခဲ့ကြောင်းသိရသည်။

အလားတူ မြောင်းမြမြို့တွင် နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက်ကျင်းပသည့် အခြေခံပညာအထက်တန်းကျောင်းများ၏ မဟာဘုံကထိန်လှည့်လည်ပွဲကို နိုဝင်ဘာ ၁၅ ရက်က အမှတ်(၁)၊ အမှတ်(၃)နှင့် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် မိမိတို့ ကျောင်းများမှ လှူဒါန်းထားသော ငွေပဒေသာပင်များဖြင့် မြို့တွင်းသို့စည်ကားသိုက်မြိုက်စွာ စီတန်းလှည့်လည်ခဲ့ကြကြောင်း သိရသည်။ **ဇော်မင်းသွင်(မြောင်းမြ)**

# ရေကြောင်းသတိပေးချက်ထုတ်ပြန်

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PC Myanmar (Hong Kong) Limited သည် ရဲတံခွန်သဘာဝဓာတ်ငွေ့မြေ (တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် M-12, M-13 နှင့် M-14)တို့တွင် Yetagun North Development Project အတွက် ရဲတံခွန်ပလက်ဖောင်း YET-C နှင့် YET-D အကြား Sub-Marine Pipe Line Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် SS ASIAN WARRIOR ဖြင့် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Sub-Marine Pipe Line Survey လုပ်ငန်းများ ဆောင်ရွက်မည့်တည်နေရာများမှာ Point YET-C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၂ မိနစ် ၅၉ ဒသမ ၂၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ် ၂ ဒသမ ၆၉၁ စက္ကန့်နှင့် Point YET-D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၈ မိနစ် ၄၆ ဒသမ ၂၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၂ မိနစ် ၄၀ ဒသမ ၆၄၅ စက္ကန့်တို့တွင်ဖြစ်သည်။

သို့ဖြစ်ပါ၍ ရဲတံခွန်သဘာဝဓာတ်ငွေ့မြေတွင် Yetagun North Development Project အတွက် ရဲတံခွန် ပလက်ဖောင်း YET-C နှင့် YET-D အကြား Sub-Marine Pipe Line Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် SS ASIAN WARRIOR ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners)ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန်အသိပေးကြေညာထားသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# သတိပေးနှိုးဆော်ချက်

နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက်စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုးခိုင်ခံ့စွာတပ်ဆင်ရန်နှင့် နှစ်ဦးထက် ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**



ကမာရွတ်မြို့နယ် အင်းစိန်လမ်းမကြီး စံရိပ်ငြိမ်မှတ်တိုင်အနီးတွင် စည်းကမ်းမဲ့ရပ်တန့်ထားသော ယာဉ်တစ်စီးအား ကရိန်းကားဖြင့် ဆွဲယူရန် ပြင်ဆင်နေစဉ်။

# စည်းကမ်းမဲ့ရပ်တန့်သော မော်တော်ယာဉ်များအား စစ်ဆေးအရေးယူ

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အထူးစစ်ဆေးရေးအဖွဲ့နှင့် မြို့နယ်နှင့်ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၅ ရက်က ကမာရွတ်မြို့နယ် အင်းစိန်လမ်းမကြီးပေါ်တွင် စည်းကမ်းမဲ့ရပ်တန့်ထားသော ယာဉ်များအား စစ်ဆေးအရေးယူလျက်ရှိရာ မွန်းတည့် ၁၂ နာရီအထိ မော်တော်ယာဉ် ခြောက်စီးအား အရေးယူပြီးဖြစ်ကြောင်း သိရသည်။

ယင်းသို့စစ်ဆေးအရေးယူမှုများကြောင့် လမ်းမကြီးများပေါ်တွင် ရပ်တန့်ထားသောယာဉ်များထွက်ခွာခဲ့ကြပြီး ရပ်ကွက်အတွင်းပိုင်းလမ်းများနှင့် လမ်းအချို့တွင် ဝင်ရောက်ရပ်နားမှုများကြောင့် ယာဉ်ပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သည်။ သက်ဆိုင်ရာဌာနများအနေဖြင့် မြို့နယ်အလိုက်ယာဉ်ရပ်နားစခန်းများ ဖွင့်လှစ်ပေးနိုင်ပါက လမ်းမကြီးပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုနှင့်ရပ်ကွက်အတွင်းရှိလမ်းများတွင် ယာဉ်ပိတ်ဆို့မှုများ လျော့နည်းသွားနိုင်ကြောင်း ခရီးသွားပြည်သူအချို့၏ ဝေဖန်အကြံပြုသံများကို ကြားသိခဲ့ရသည်။ **(ဝ၄၈)**

# မြန်မာလက်ရွေးစင်အားကစားသမားများအတွက် ဂျပန်နိုင်ငံရှိ ကုမ္ပဏီများမှ အားကစားအနွေးထည်များလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံတွင် (၄၄)နှစ်ကြာမှပြန်လည်ကျင်းပခွင့်ရရှိသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ပြီး မြန်မာ အသင်းအောင်မြင်မှုရရှိစေရေးအတွက် နိုင်ငံတော်အနေဖြင့် အမျိုးသားရေး အသွင်ဖြင့် အဘက်ဘက်မှလိုအပ်ချက်မရှိအောင် ဘက်စုံ၊ ထောင့်စုံမှကြိုးစား ဆောင်ရွက်လျက်ရှိသည်။ အခြားမိတ်ဆွေနိုင်ငံများမှလည်း ဤပြိုင်ပွဲကြီးအတွက် နည်းပညာများ၊ အတတ်ပညာများနှင့် ရုပ်ဝတ္ထုပစ္စည်းများ ပံ့ပိုးကူညီလျက်ရှိကြသည်။

နှစ်နိုင်ငံအစိုးရ၏ ချစ်ကြည်ရင်းနှီးမှုအစီအစဉ်အရ ပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာလက်ရွေးစင်အားကစားသမားများအတွက် ဂျပန်နိုင်ငံမှထင်ရှားသော ဒီဇိုင်းပညာရှင် Mr. Jun Ko Koshino ကိုယ်တိုင်ဒီဇိုင်းပြုလုပ်တီထွင်ချုပ်လုပ်ကာ ဂျပန်နိုင်ငံရှိကုမ္ပဏီများမှ ပံ့ပိုးကူညီထားသော အားကစားအနွေးထည်ဝတ်စုံ အစုံ ၂၄၀၀ အား လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်မြို့ Strand Hotel ၌ ယမန်နေ့ည ၇ နာရီတွင် ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr.TOSHIO YAMAMOTO၊ ဂျပန်နိုင်ငံဒီဇိုင်းပညာရှင် Mr. Jun Ko Koshino နှင့်လှူဒါန်းသောကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းမှ အသင်းဝင်များ၊ မြန်မာနိုင်ငံရုပ်ရှင်၊ ဂီတအစည်းအရုံးများမှ ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အစီအစဉ်အရ ဂျပန်နိုင်ငံမှဒီဇိုင်းပညာရှင် Mr. Jun Ko Koshino က အခမ်းအနားသို့ တက်ရောက်လာသူများကို လိုက်လံနှုတ်ဆက်ပြီး အခမ်းအနားတက်ရောက်လာကြသော ဧည့်ပရိသတ်များနှင့်အတူ ဂျပန်အနုပညာရှင်များက နိုင်ငံတော်သီချင်းသီဆို၍ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ ပြိုင်ပွဲဝင်မည့် မြန်မာအားကစားသမားများအတွက် ဝတ်စုံလှူဒါန်းသောဂျပန်နိုင်ငံမှ ဒီဇိုင်းပညာရှင် Mr. Jun Ko Koshino နှင့် ပံ့ပိုးကူညီသော ကုမ္ပဏီများနှင့်အတူ ဂျပန်အစိုးရအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ထိုကဲ့သို့ အားကစားဝတ်စုံများလှူဒါန်းခြင်းကြောင့် မြန်မာ-ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုနက်ရှိုင်းကောင်းမွန်လာကြောင်း၊ ထိုကဲ့သို့ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်း၊ ထိုလှူဒါန်းသောဝတ်စုံများကို ဝတ်ဆင်၍ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရာတွင် မြန်မာအားကစားသမားများအနေဖြင့် အောင်မြင်မှုရရှိမည်ဟုယုံကြည်ကြောင်း၊ လာမည့် ၂၀၁၄ ခုနှစ်တွင် မြန်မာ-ဂျပန်သံတမန်ဆက်သွယ်မှုမှာ အနှစ်(၆၀)ပြည့်မြောက်မည်ဖြစ်ကြောင်း၊ နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ၂၀၁၄ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ဂျပန်သံရုံးမှ ဦးစီး၍အထိမ်းအမှတ်အစီအစဉ်များ ပြုလုပ်ရန်ရှိကြောင်း၊ အားကစားဝန်ကြီးဌာနအနေဖြင့် တတ်နိုင်သည့်ဘက်မှ ပါဝင်ကူညီသွားမည်ဖြစ်ကြောင်း၊ အနာဂတ်၌ ဂျပန်နိုင်ငံ၏အစိုးရ၊ လူပုဂ္ဂိုလ်၊ အခြားကဏ္ဍများမှ ပံ့ပိုးကူညီမှုများကြောင့် မြန်မာအားကစား တိုးတက်လာမည်ဟု ယုံကြည်ကြောင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဂျပန်နိုင်ငံဒီဇိုင်းပညာရှင်က ဝတ်စုံတီထွင်ချုပ်လုပ်မှု အဆင့်ဆင့်အကြောင်းကို ရုပ်သံဖြင့်ရှင်းလင်းတင်ပြသွားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ AEON ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌက ဝတ်စုံများပံ့ပိုးကူညီရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။



ယင်းနောက် ဒီဇိုင်းပညာရှင်က ဝတ်စုံများလှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။**(အပေါ်ပုံ)**

ထို့နောက် မြန်မာမော်ဒယ်များက တိုင်းရင်းသားဝတ်စုံများနှင့် ဂျပန်ရိုးရာဝတ်စုံများ၊ ဒီဇိုင်းဝတ်စုံများအားဝတ်ဆင်၍ သရုပ်ပြသကြသည်။

ဆက်လက်၍ ဂျပန်နိုင်ငံအဆိုပညာရှင်များက ဂျပန်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ ဂျပန်နိုင်ငံရိုးရာအားကစားဖြစ်သော ဂျူဒိုအားကစားနည်းကိုလည်း မြန်မာအားကစားအဖွဲ့များက သရုပ်ပြသခဲ့ပြီး ယခုလှူဒါန်းပွဲအတွက် ဂျပန်နိုင်ငံဝန်ကြီးချုပ်မှပေးပို့သော သဝဏ်လွှာကို ရုပ်သံဖြင့်ပြသသည်။

ထို့နောက် လှူဒါန်းသော မြန်မာအားကစားဝတ်စုံများ ဝတ်ဆင်၍ သရုပ်ပြသခဲ့ကြသည်။ ယခုလှူဒါန်းပွဲအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှပေးပို့သော သဝဏ်လွှာကို ပြည်ထောင်စုဝန်ကြီးက ဖတ်ကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးက အားကစားဝတ်စုံလှူဒါန်းသော ဂျပန်ဒီဇိုင်းပညာရှင် Mr. Jun Ko Koshino အား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ဧည့်သည်တော်များ၊ ဂျပန်အနုပညာရှင်များနှင့် အခမ်းအနားတွင်ပါဝင်သူအားလုံးက နှုတ်ဆက်သီချင်း သီဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**

# အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ



**နေပြည်တော် နိုဝင်ဘာ ၁၇**

အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(OIC) အထွေထွေအတွင်းရေးမှူး မစ္စတာ အီမယ်လ်ဒင် အီဆန်အိုဂလူနှင့်(OIC) အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သတင်းဌာနများမှ မီဒီယာများနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ (OIC)အထွေထွေအတွင်းရေးမှူးက မြန်မာနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

၎င်းက ယခုခရီးစဉ်တွင် မိမိနှင့်အတူ တူရကီနှင့် ဂျီဘူတီနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဘင်္ဂလားဒေ့ရှ်၊ အီဂျစ်၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဆော်ဒီအာရေဗီးယားနိုင်ငံတို့မှ အဆင့်မြင့်ကိုယ်စားလှယ်များ လိုက်ပါခဲ့ကြပါကြောင်း၊ သုံးရက်တာခရီးစဉ်အတွင်း တာဝန်ရှိသူများနှင့် တွေ့ဆုံခွင့်ရရှိခဲ့ပါကြောင်း၊ ထိုသို့တွေ့ဆုံစဉ်ဆွေးနွေးမှုများမှာ အကျိုးဖြစ်ထွန်းမှုရှိပြီးအပြုသဘောလည်း ဆောင်ပါကြောင်း။

ရခိုင်ပြည်နယ်သို့ သွားရောက်လေ့လာခွင့်ရရှိခဲ့ပြီး တာဝန်ရှိသူများက အကူအညီများ ပေးကြသဖြင့် ခရီးစဉ်အဆင်ပြေချောမွေ့မှု ရှိခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတစ်ဝန်းတွင် လူမျိုးရေး အကြမ်းဖက်မှုများပပျောက်ရေး ဆောင်ရွက်ရန်၊ ပြည်သူများအား အကြမ်းဖက်မှုများမှ အကာအကွယ်ပေးရန်၊ လူ့အခွင့်အရေးအား လေးစားလိုက်နာရန်နှင့် အခြေခံလွတ်လပ်ခွင့်များရရှိစေရန် ဆောင်ရွက်မည့် နိုင်ငံတော်အစိုးရ၏ ကြေညာချက်များနှင့် အာမခံပြောကြားချက်များကို သိရှိခဲ့ရပါကြောင်း။

မိမိတို့အဖွဲ့ ကွင်းဆင်းလေ့လာသွားရောက်ခဲ့ရာတွင် ရခိုင်ပြည်နယ်အတွင်း ပြည်သူများ တွေ့ကြုံခံစားနေရမှုများနှင့်ပတ်သက်၍ လက်တွေ့နားလည်ခွင့်ရရှိခဲ့ပါကြောင်း၊ ကိုင်တွယ်ရခက်ခဲသည့် အခြေအနေတစ်ရပ်ဖြစ်ပြီး လူ့အသိုက်အဝန်းများအကြား ပြန်လည်သင့်မြတ်မှုရရှိစေရန် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို သိရှိနားလည်ပါကြောင်း။

ဒုက္ခသည်များနှင့် မိမိတို့တွေ့ဆုံကာ ၎င်းတို့၏ ရင်ဖွင့်ပြောကြားချက်များကို နားထောင်ခဲ့ရပါကြောင်း၊ ၎င်းတို့၏ သတင်းစကားကို မိမိတို့သိခွင့်ရရှိသကဲ့သို့ မိမိတို့၏ သတင်းစကားကိုလည်း ၎င်းတို့ကို အသိပေးခဲ့ပါကြောင်း၊ အစိုးရအဖွဲ့၊ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာ အသိုက်အဝန်းတို့က ၎င်းတို့၏ ဒုက္ခခံစားနေရမှုများကို သက်သာရာရရှိစေရေးအတွက် အကူအညီများကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ပါကြောင်း။

မတူကွဲပြားသည့် ယုံကြည်ချက်များရှိလင့်ကစား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်လာရာမှ အကြမ်းဖက်မှုများဖြစ်ပေါ်ရခြင်းသည် ဘာသာရေးအယူအဆကြောင့် မဟုတ်ဘဲ သာမန်ရာဇဝတ်မှု ကျူးလွန်သည့် ပုဂ္ဂိုလ်ရေးလုပ်ရပ်အဖြစ်သာဖြစ်သဖြင့် ပြစ်မှုကျူးလွန်သူများကို တရားဥပဒေနှင့်အညီ အရေးယူသွားရမည်ဖြစ်ပါကြောင်း။

ဖြစ်ပေါ်နေသည့် အဓိကပြဿနာမှာ အကြမ်းဖက်ဖြေရှင်းတတ်သည့် နည်းလမ်းကို အသုံးပြုနေခြင်းဖြစ်ပါကြောင်း၊ အပြန်အလှန် ယုံကြည်မှုပျက်ပြားခြင်းသည် အကြမ်းဖက်မှုကိုသာ ဖြစ်ပေါ်စေပါကြောင်း။

မိမိတို့၏ (OIC)အဖွဲ့အပေါ် နားလည်မှုလွဲမှားနေသည့်အချက်ရှိပါကြောင်း၊ မိမိတို့၏ အဖွဲ့အစည်းသည် ဘာသာရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်ဟု နားလည်မှုလွဲမှားနေပါကြောင်း၊ အမှန်မှာ (OIC)အဖွဲ့သည် International Inter- governmental Organization တစ်ခုသာလျှင်ဖြစ်ပါကြောင်း၊ အစိုးရအဖွဲ့အချင်းချင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းသာ ဖြစ်ပါကြောင်း။

(OIC)အဖွဲ့တွင် အဖွဲ့ဝင် ၅၇ နိုင်ငံပါရှိပြီး လေ့လာသူအဆင့် ငါးနိုင်ငံ ရှိပါကြောင်း၊ ထိုင်းနိုင်ငံသည် မိမိတို့အဖွဲ့တွင် လေ့လာသူအဆင့်နိုင်ငံဖြစ်ပါကြောင်း၊ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ အီတလီစသည့် နိုင်ငံများသည် မိမိတို့အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်နေပြီး အထူးသံတမန်များကိုထားရှိကာ လုပ်ငန်းများကို လက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ အာရှ၊ ဥရောပ၊ အာဖရိက၊ လက်တင်အမေရိက ဒေသများတွင် လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန် (OIC)နှင့် ကမ္ဘာ့နိုင်ငံအများအပြား ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံအဆောက်အအုံ စီမံကိန်းများအတွက်လည်း မိမိတို့အကူအညီများ ပေးလျက်ရှိပါကြောင်း၊ (OIC)သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများအားလုံးအတွက် အကူအညီများ ပေးအပ်လျက်ရှိပါကြောင်း။

လူမျိုးရေးပဋိပက္ခများ ဒေသတစ်ခုမှတစ်ခုသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရန် ဝိုင်းဝန်းကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း၊ လူမှုရေးစာနာထောက်ထားမှု အကူအညီများကို မိမိတို့ပေးအပ်ရာတွင် လူမျိုး၊ တိုင်းရင်းသားမျိုးနွယ်နှင့် ဘာသာရေးတို့အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှု မပြုပါကြောင်း၊ ဘက်လိုက်ခြင်းကို မိမိတို့ကျင့်သုံးမည် မဟုတ်ပါကြောင်း။

မိမိတို့သည် အစိုးရအဖွဲ့ချင်းဆက်ဆံသော အဖွဲ့အစည်းဖြစ်သဖြင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို မြန်မာအစိုးရမှတစ်ဆင့် ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ အပြန်အလှန် ယုံကြည်မှုရှိကြပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်စေရန် (OIC) အဖွဲ့က ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၌ အစိုးရက ပြုပြင်ပြောင်းလဲရေးအစီအစဉ်များအား ချမှတ်နေခြင်းကို မိမိတို့အသိအမှတ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သတင်းဌာနများ၏ မေးမြန်းချက်များကို (OIC)အတွင်းရေးမှူးက ပြန်လည်ဖြေကြားခဲ့သည်။

**မေး။ အခုခရီးစဉ်အတွင်း ရရှိခဲ့တဲ့ ရလဒ်တွေနဲ့ပတ်သက်ပြီး သိရှိလိုပါတယ်။**

ဖြေ။ (OIC)အဖွဲ့ရဲ့ အခုခရီးစဉ်ဟာ အချက်အလက်ရှာဖွေရေး ခရီးစဉ်ဖြစ်ပြီး ဒုက္ခရောက်နေသူတွေကို ဘယ်လိုအကူအညီတွေ ပေးသွားနိုင်မယ်ဆိုတဲ့ နည်းလမ်းတွေကို လေ့လာခဲ့ပါတယ်။ လူသားချင်း စာနာထောက်ထားမှုအကူအညီတွေကို ပေးအပ်သွားမှာဖြစ်ပါတယ်။

ဒုက္ခသည်စခန်းတွေမှာ ခိုလှုံနေရတဲ့သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်တဲ့ဆေးဝါးတွေ၊ နေထိုင်စရာနေရာတွေ၊ သက်သာချောင်ချိရေးတွေကို ဖြည့်ဆည်းပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒေသဆိုင်ရာ လူနေမှုဘဝ မြင့်မားတိုးတက်မှုအနေနဲ့ ပြည်သူတွေရဲ့ အခြေခံလိုအပ်ချက်တွေကိုလည်း ဖြည့်ဆည်းသွားလိုပါတယ်။

ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေအပြင် စိတ်ဓာတ်ရေးရာအရ အပြန်အလှန်ယုံကြည်မှုတည်ဆောက်သွားဖို့ အထူးလိုအပ်တာမို့ ဒါအတွက်လည်း ဆောင်ရွက်ပေးသွားရပါမယ်။ လိုအပ်တဲ့ အကူအညီတွေကို ဘယ်နည်းဘယ်ပုံပေးမယ် ဆိုတာကတော့ အသေးစိတ်ပြောဖို့ စောပါသေးတယ်။ ဒါနဲ့ပတ်သက်ပြီး ရေတို၊ ရေရှည်အစီအစဉ်တွေနဲ့ ချမှတ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ သိပ်အရေးကြီးပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် လူနေမှုဘဝ တိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ဖို့ အလွန်အလားအလာ ကောင်းမွန်တဲ့ နိုင်ငံဖြစ်ပါတယ်။ သာယာလှပတဲ့ ပင်လယ်ကမ်းရိုးတန်းဒေသတွေနဲ့ ပြည့်စုံတဲ့ မြန်မာနိုင်ငံနဲ့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်သွားပါမယ်။

**မေး။ မြန်မာနိုင်ငံမှာ (OIC)ဆက်ဆံရေးရုံး(Liaison Office) ဖွင့်လှစ်ရေးနဲ့ပတ်သက်လို့ အခြေအနေ ဘယ်လိုရှိပါသလဲ။**

ဖြေ။ ဆက်ဆံရေးရုံး ဖွင့်ဖို့ကိစ္စနဲ့ပတ်သက်ပြီး အငြင်းပွား ပြောဆိုစရာတွေ ပေါ်ပေါက်နေဆဲပါ။

ကျွန်တော်တို့အပေါ် ပြည်သူတွေ နားလည်လာချိန်အထိ စောင့်ဆိုင်းရမှာပါ။ ဒါနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုတွေ ဆက်လက်လုပ်ဆောင်သွားမှာပါ။

လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများမြှင့်တင်ရေး၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး၊ ဒေသတည်ငြိမ် အေးချမ်းရေးတို့အတွက် ချဉ်းကပ်မှုနည်းလမ်းမျိုးစုံနဲ့ ကျွန်တော်တို့အားလုံး လက်တွဲဆောင်ရွက်သွားကြပါမယ်။

ကျေးဇူးတင်ပါတယ်။

ယင်းနောက် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# တူညီသော ဘုံရည်မှန်းချက်

## ပြည်သူတစ်ဦး

နိုဝင်ဘာလသည် မြန်မာနိုင်ငံ၏ ဆောင်းဦးကာလဖြစ်သည်။ နောက် နွေရာသီကာလသို့ပြောင်းလဲ ရောက်ရှိလာမည်ဖြစ်၍ ရေရှားမည့်အရေး မြော်တွေးပြီး ပြည်သူတို့၏စိတ်တွင် လျှပ်စစ်မီး အခက်အခဲဖြစ်ပေါ်မည့်အရေးအား စိုးရိမ်ပူပန်လျက်ရှိမည်ထင်ပါသည်။ ရေအား လျှပ်စစ်ကိုသာ ရာနှုန်းပြည့်နီးပါး အားထားနေရသောကြောင့် ထုတ်လုပ်ဖြန့်ဖြူးနိုင်သော မဂ္ဂါဝပ်ပမာဏနှင့်သုံးစွဲပမာဏ မမျှတမှုဖြစ်ကာ ပြည်သူများအားလုံး နှစ်စဉ် နွေရာသီရောက်သည်နှင့် လျှပ်စစ်ကို အလှည့်ကျ မျှဝေခံစားခဲ့ရသည်။

ပြောင်းလဲကျင့်သုံးနေသော ဒီမိုကရေစီစနစ်နှင့်အတူ အရှိန်အဟုန်ဖြင့်တိုးတက်ပြောင်းလဲနေသော ကဏ္ဍပေါင်းစုံတွင် လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏ တိုးတက်မြင့်မားလာသည်။ ၂၀၁၀ ခုနှစ်တွင် ၁၄၂၀ မဂ္ဂါဝပ်သာ သုံးစွဲခဲ့သော်လည်း ၂၀၁၃ ခုနှစ်တွင် ၂၀၆၀ မဂ္ဂါဝပ်အထိ တိုးတက်သုံးစွဲသည့်အတွက် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်သုံးစွဲနေကြောင်း သိရှိရပါသည်။ တိုးတက်သုံးစွဲမှုနှင့်ပြည့်မီအောင် ထုတ်လုပ်ဖြန့်ဖြူးနိုင်မှုမရှိပါက နွေရာသီတွင် ပိုမိုကြာမြင့်သော လျှပ်စစ်ဓာတ်အားသုံးစွဲမှု "အလှည့်ကျမျှဝေခံစားမှု" နှင့်ရင်ဆိုင်ရမည်မှာ သေချာမည်ဖြစ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း တိုးတက်သုံးစွဲလျက်ရှိသော လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်များအား အလျဉ်မီအောင် ထုတ်လုပ်ဖြန့်ဖြူးဖြည့်ဆည်းနိုင်စေရန် ရည်ရွယ်၍ နှစ် ၃၀ လျှပ်စစ်မဟာဗျူဟာစီမံကိန်းကို အလေးအနက်ထားဆောင်ရွက်နေသကဲ့သို့ မကြာမီ ရောက်ရှိလာတော့မည့် ၂၀၁၄ နွေရာသီအပြင် ၂၀၁၅-၂၀၁၆ နွေရာသီများအတွက် ရည်ရွယ်မျှော်မှန်း၍ လိုအပ်သော ဓာတ်အား မဂ္ဂါဝပ်ပြည့်မီအောင် ဓာတ်အားခွဲရုံကြီးများနှင့် မဟာဓာတ်အားလိုင်းကြီးများ တည်ဆောက်မည်ဖြစ်သည်။ ယင်းအတွက် အမေရိကန်ဒေါ်လာ သန်း ၂၁၀၀ ခန့် ကုန်ကျမည်ဖြစ်သောကြောင့် ဖော်ပြပါရင်းနှီးမြှုပ်နှံငွေပမာဏအားအစိုးရအဖွဲ့ တစ်ခုတည်းက စိုက်ထုတ်ရင်းနှီးမြှုပ်နှံရန် အခက်အခဲဖြစ်ပေါ်နိုင်၍ ပြည်တွင်း၊ ပြည်ပပုဂ္ဂလိကကုမ္ပဏီများအား ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါသည်။

ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကကုမ္ပဏီများနှင့်အစိုးရအဖွဲ့ တာဝန်ရှိဝန်ကြီးဌာနတို့ ညှိနှိုင်းမှုပြုလုပ်သည့်အခါ ရင်းနှီး မြှုပ်နှံမည့်ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံသည့်ကုန်ကျစရိတ်အပေါ် "တွက်ခြေကိုက်မှု" ကို ရည်ရွယ်စဉ်းစားပြီး ဓာတ်အားခနှုန်းထား တောင်းခံလာသည့်အတွက် ဝန်ကြီးဌာနအနေဖြင့် နှစ်ဦးနှစ်ဖက်အဆင်ပြေနိုင်မည့် ဓာတ်အားခဈေးနှုန်းဟုရည်ရွယ်၍ နိုဝင်ဘာလမှစ၍ ပြည်သူတို့သုံးစွဲနေသည့် ဓာတ်အားယူနစ်အလိုက် "တစ်နှစ်ခန့်ကြိုတင်ကောက်ယူထားသော စာရင်းဇယားအချက်အလက်များ" အပေါ်မူတည်၍ လျှပ်စစ်ဓာတ်အားသုံးစွဲခအား တိုးမြှင့်ကောက်ခံရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

၈-၁၁-၂၀၁၃ ရက်နေ့တွင် နေပြည်တော်၌ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် အဌမပုံမှန်အစည်းအဝေးတွင် ဖော်ပြပါဓာတ်အားခ တိုးမြှင့်ကောက်ခံမှုနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက အရေးကြီးအဆိုအဖြစ် တင်သွင်းခဲ့သည့်အပြင် အိမ်နီးချင်းအိန္ဒိယနိုင်ငံ၏ ဓာတ်အားသုံးစွဲမှုယူနစ်အပေါ် ကောက်ခံသည့် စနစ်ကိုပါ ချပြဆွေးနွေးသွားခဲ့သည်ကို တွေ့မြင်ကြားသိခဲ့ရပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဓာတ်အားလေလွင့်ဆုံးရှုံးမှုများအပေါ် စနစ်တကျအလေအလွင့်မရှိ စီမံဆောင်ရွက်သွားရန်နှင့် ဓာတ်အားယူနစ်ဖြန့်ဖြူးရောင်းချသည့်စနစ်အပေါ် "သုံးစွဲသည့်ရည်ရွယ်ချက်မတူညီသည့် အခြေအနေများကိုလိုက်၍ အမျိုးအစားခွဲကောက်ခံသင့်ကြောင်း" ကိုလည်း အကြံပြုတင်ပြသွားပါသည်။

ဓာတ်အားသွယ်တန်းမှုစနစ်အရ သုံးစွဲသည့်အခါ မဖြစ်မနေကြုံတွေ့ရသည့် ဓာတ်အားဆုံးရှုံးမှုများဖြစ်ပေါ်သော်လည်း သက်ဆိုင်ရာတာဝန်ရှိဝန်ထမ်းများ၏ အားနည်းချက်နှင့် သုံးစွဲသူပြည်သူများက မရိုးသားသောနည်းလမ်းများဖြင့်သုံးစွဲမှုကြောင့် ဆုံးရှုံးသွားသော ဓာတ်အားယူနစ်များကိုလည်း စနစ်တကျထိန်းသိမ်းသွားရန် လိုအပ်မည်ဟုထင်မြင်မိပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် သုံးစွဲယူနစ်အား မီတာပေါ်တွင် ကြည့်ရှုမှတ်တမ်းတင်ကောက်ခံရုံတွင်မဟုတ်ဘဲ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်ပူးပေါင်း၍ တစ်အိမ်ချင်းစီအလိုက် လျှပ်စစ်ဓာတ်အားသွယ်တန်းသုံးစွဲမှုနှင့် ခေတ်ကာလနှင့်အညီ သုံးစွဲမှုများပြားလာသော လျှပ်စစ်ပစ္စည်းများ(ဥပမာ-လေအေးပေးစက်၊ အဝတ်လျှော်စက်၊ ရေခဲသေတ္တာ၊ ရေတင်မော်တာ)၏ သုံးစွဲယူနစ်များကိုပါ အနီးစပ်ဆုံးမှန်ကန်သော စာရင်းဇယားများရရှိနိုင်စေရန် မိတ်ဖက်ဝန်ကြီးဌာနများ၏ အကူအညီကိုပါရယူ၍ ဆောင်ရွက်သွားပါက ဓာတ်အားဆုံးရှုံးမှုယူနစ်များ ပိုမိုလျော့နည်းလာမည်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်နှင့်အညီ တစ်ယူနစ်သုံးစွဲမှုအား ကောက်ခံသည့်စနစ်ဖြင့်ကျင့်သုံးရန် ပြင်ဆင်နေသောကြောင့် ဓာတ်အားခွဲရုံကြီးများ တည်ဆောက်ခြင်း၊ မဟာဓာတ်အားလိုင်းများ တည်ဆောက်ခြင်းနှင့် ဖော်ပြပါလုပ်ငန်းများအတွက် လိုအပ်သောဝန်ထမ်းများ ခန့်အပ်တာဝန်ပေးစေခိုင်းမှုမှအစပြု၍ အကျိုးတူရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့်လည်း "တစ်မျိုးသားလုံး၏အကျိုးစီးပွားဖြစ်သောကြောင့်" လေလွင့်ဆုံးရှုံးမှုမရှိဘဲ အနီးစပ်ဆုံးတိကျသောငွေရေးကြေးရေး စာရင်းဇယား ကိန်းဂဏန်းများရရှိလာအောင် နည်းပညာပိုင်းဆိုင်ရာနှင့် စီမံခန့်ခွဲမှုပိုင်းဆိုင်ရာကိစ္စရပ်များတွင် အထူးအလေးထား ကြပ်မတ်ဆောင်ရွက်သွားသင့်ကြောင်း တိုက်တွန်းတင်ပြအပ်ပါသည်။ ဤကဲ့သို့တင်ပြရခြင်းမှာ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာကိစ္စရပ်များတွင် လစ်ဟာမှုများဖြစ်ပေါ်ခဲ့ပါက ရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏ ကိန်းဂဏန်းများမြင့်တက်လာသည်နှင့်အမျှ ပြည်သူများ ဝယ်ယူသုံးစွဲရမည့် ဓာတ်အားတစ်ယူနစ်ဈေးနှုန်းမှာလည်း မြင့်တက်လာမည်ဖြစ်သောကြောင့် တင်ပြရခြင်းဖြစ်ပါသည်။

ပြည်သူများအနေဖြင့် နိစ္စဓူဝဝင်ငွေအပေါ် ပြန်လည်သုံးစွဲရာတွင် လျှပ်စစ်ဓာတ်အားခတစ်ခုတည်း၏ တိုးမြှင့်ကောက်ခံမှုကိုသာ ရင်ဆိုင်ကြုံတွေ့နေရခြင်းမျိုး မဟုတ်ဘဲ မဖြစ်မနေ မသုံးမဖြစ် ကုန်ကျနေသည့် နေထိုင်စားသောက်မှုစရိတ်နှင့် မကုန်ကျသင့်ဘဲ ခေတ်ရေစီးကြောင်းအရ ဖြစ်ပေါ်နေသည့် ကျောင်းချိန်ပြင်ပ ပညာရေးစရိတ်နှင့် လိုအပ်နေဆဲဖြစ်သော ကျန်းမာရေးစရိတ်များ၏ စိန်ခေါ်မှုကိုလည်း ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပြည်သူများနစ်နာမှု မဖြစ်ပေါ်စေရန်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးစီမံကိန်းအပေါ် တစ်စိတ်တစ်ဒေသ အကျိုးသက်ရောက်မှုဖြစ်ပေါ်လာအောင် **"ပြည်သူတွေ၏ ဝင်ငွေ/ထွက်ငွေ"**အပေါ် တိကျသော စာရင်းဇယားများ၊ ကိန်းဂဏန်းများ ကောက်ခံဆောင်ရွက်သွားပါက ပိုမိုအဆင်ပြေလာနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းတင်ပြအပ်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြည်သူများဓာတ်အားမဂ္ဂါဝပ် အပြည့်အဝရရှိသုံးစွဲနိုင်စေရန် ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သော ငွေပမာဏအား ကာမိစေရန် ကောင်းမွန်သော ရည်ရွယ်ချက်ဖြင့် ဓာတ်အားခတိုးမြှင့်ကောက်ခံရန် စီစဉ်ခဲ့မှုနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကလည်း လက်ရှိပြည်သူများ၏ ဝင်ငွေ/ထွက်ငွေအပေါ် သုံးသပ်၍ တိုးမြှင့်ကောက်ခံရန် မဖြစ်နိုင်သေးကြောင်း ဝေဖန်ထောက်ပြမှုများသည် ပြည်သူလူထုအကျိုးကို ကိုယ်စားပြုသည့် **"တူညီသော ဘုံရည်မှန်းချက်"** ဖြင့် တင်ပြခဲ့သော အရေးကြီးအဆိုနှင့် ပြန်လည်ရှင်းပြမှုများဖြစ်သောကြောင့် အနာဂတ်တွင် ပြည်သူများအတွက် ယခုထက်ပိုမိုကောင်းမွန်သော ရလဒ်ကောင်းများ ပေါ်ထွက်လာနိုင်သည့်အတွက် ပြည်သူ့ဘဝမြှင့်တင်ရေးကိစ္စများအပေါ် ပိုမိုအလေးထားဆောင်ရွက်ပေးသင့်ကြောင်း မွန်မြတ်သော စိတ်စေတနာဖြင့် အပြုသဘောဆောင် ရေးသားတင်ပြအပ်ပါသည်။ ။












# မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၁၇**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး နေရာကျဲကျဲ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက် ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျှမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ် အထိ လျော့နည်းခဲ့ပြီး ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျှမ်းမျှအပူချိန်ခန့်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့ တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ။** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။






## ဝန်ထမ်းအလိုရှိသည်

၁။ Manager (၁) ဦး
၂။ ကျွမ်းကျင်စားဖိုမှူး(ထိုင်း၊ ကိုရီးယား) (၂) ဦး
၃။ Cashier(Female) (၂) ဦး
၄။ Kitchen Helper (၆) ဦး
၅။ Waiter/Waiteress (၈) ဦး
၆။ ဓါးကိုင် (၂) ဦး

လျှောက်ထားလိုသူများသည် CV Form နှင့် လိုအပ်သော စာရွက်စာတမ်းတို့နှင့်အတူ Dagon Centre II မြေညီထပ်ရှိ Cafe'Amore(phone:516603-10 Ext 103,242240)သို့ ကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

မှတ်ချက်။ ။ နယ်မှလာသူများ ဦးစားပေးမည်။ ယောကျ်ားလေးများအတွက် နေရေး၊စားရေး စီစဉ်ပေးမည်။

ကွန်ဒိုတိုက်ခန်းရောင်းမည်။
လှည်းတန်း နေရာကောင်း
၂၆ပေ – ၈၃ ပေ
အခန်းပြင်ဆင်ပြီး
(အကျိုးဆောင်မလို)
ဖုန်း 095198478

# မြို့ပတ်ရထားစီးခရီးသည်များ မိမိတို့နှစ်သက်ရာရထားများစီးနင်း၍ ခရီးသွားလာနိုင်

မြန်မာ့မီးရထားသည်ပြည်သူလူထုကို ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် ရထားကြီး ၁၄ ဆိုင်း၊ RBE ခုနစ်ဆိုင်း စုစုပေါင်း ၂၁ ဆိုင်းဖြင့် နေ့စဉ်ခေါက်ရေ ၂၀၀ ပြေးဆွဲလျက်ရှိပြီး လက်မှတ်ခအဖြစ် ပြည်တွင်းခရီးသည် တစ်ဦးလျှင် ကျပ် ၁၀၀ (ခရီးစဉ်နှစ်ခုအသုံးပြုနိုင်)၊ နိုင်ငံခြားသားတစ်ဦးလျှင် တစ်ဒေါ်လာ သတ်မှတ်ထားကြောင်း၊ ခရီးသည်များ သက်သောင့်သက်သာ စီးနင်းနိုင်ရန် ပန်ကာများ တပ်ဆင်ထားသော အထူးတွဲတစ်တွဲစီကို ရထားကြီး ၁၄ ဆိုင်းတွင် ချိတ်ဆက်ခဲ့ပြီး လက်မှတ်ခမှာ ပြည်တွင်းခရီးသည်တစ်ဦးလျှင် ကျပ် ၂၀၀(ခရီးစဉ်တစ်ကြောင်းအတွက်သာ) နှင့် နိုင်ငံခြားသားတစ်ဦးလျှင် တစ်ဒေါ်လာ သတ်မှတ်ထားကြောင်း သိရသည်။

ခရီးသည်များ ပိုမိုအဆင်ပြေစွာဖြင့် အဆင့်အတန်းမီမီ စီးနင်းနိုင်ရေးအတွက် RBE Air Con အဆင့်မြင့်ရထားကို အောက်တိုဘာ ၅ ရက်မှ စတင်ပြေးဆွဲခဲ့ပြီး မြို့ပတ်ဘူတာ ၁၃ ခုတွင် ရပ်တန့်၍ နေ့စဉ် ရှစ်ခေါက် ပြေးဆွဲခဲ့ရာ ခရီးသည်စီးနင်းမှုများ တိုးတက်လာခဲ့ကြောင်း၊ လက်မှတ်ခမှာ ပြည်တွင်းခရီးသည်တစ်ဦးလျှင် ကျပ် ၄၀၀(ခရီးစဉ်တစ်ခုအတွက်) နှင့် နိုင်ငံခြားသားခရီးသည်တစ်ဦးလျှင် နှစ်ဒေါ်လာ သတ်မှတ်ထားကြောင်း၊ Air Con ရထားနှင့်ပတ်သက်၍ မြန်မာ့မီးရထား ဝန်ဆောင်မှုကို ကြိုက်နှစ်သက်ကြပြီး ဘူတာများ တိုးမြှင့်ရပ်တန့်ပေးပါရန် တောင်းဆိုလာပါသဖြင့် အဓိကကျသည့် လှည်းတန်းဘူတာတွင် နိုဝင်ဘာ ၈ ရက်မှစ၍ တိုးမြှင့်ရပ်တန့်ပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ပတ်နှင့်ဆင်ခြေဖုံးလမ်းပိုင်းတွင် ပြေးဆွဲအသုံးပြုနေသော လူစီးတွဲများမှာ သက်တမ်းကြာမြင့်နေပြီဖြစ်၍ ခေတ်မီသစ်လွင်သော လူစီးတွဲ ခြောက်တွဲပါ မြို့ပတ်တွဲဆိုင်းအသစ်ကို လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)၌ တည်ဆောက်၍ ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် ပြေးဆွဲနေသော "ဇ"တွဲဆိုင်းနေရာတွင် အစားထိုးလျက် မူလခရီးစဉ်အတိုင်း နိုဝင်ဘာ ၁ ရက်မှ စတင်ပြေးဆွဲလျက်ရှိရာ လက်မှတ်ခအဖြစ်ခရီးစဉ်တစ်ခုအတွက် နိုင်ငံသားတစ်ဦးလျှင် ကျပ် ၃၀၀ နှင့် နိုင်ငံခြားသားတစ်ဦး တစ်ဒေါ်လာ ကောက်ခံလျက်ရှိကြောင်း၊ ယင်းတွဲဆိုင်းအသစ်တွင် ဖိုင်ဘာခုံများ၊ စတီးလက်ကိုင်တန်းများ၊ ပန်ကာများ၊ မီးများပြည့်စုံစွာတပ်ဆင်ထားကြောင်း။

ဝန်ဆောင်မှုအနေဖြင့် RBE Air Con အဆင့်မြင့်တွဲဆိုင်းတွင် တွဲထိန်းသုံးဦး၊ လက်မှတ်စစ် နှစ်ဦး၊ ရထားလိုက်လုံခြုံရေးရဲတပ်ဖွဲ့ဝင် ငါးဦးပါရှိပြီး "ဇ" အထူးတွဲဆိုင်း(၃၀၀ ကျပ်တန်လက်မှတ်) တွင် တွဲထိန်း သုံးဦး လက်မှတ်စစ် လေးဦး၊ လက်မှတ်သိမ်း နှစ်ဦး၊ ရထားလိုက်လုံခြုံရေး ရဲတပ်ဖွဲ့ဝင်သုံးဦးနှင့် ကျန်တွဲဆိုင်း ၂၁ ဆိုင်းတွင် ရဲတပ်ဖွဲ့ဝင်သုံးဦးစီမှ ခရီးစဉ်စ/ဆုံး လိုက်ပါကာတာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ရုံးတက်၊ ရုံးဆင်းချိန်များတွင် ခရီးသည်များ အနှောင့်အယှက်မဖြစ်စေရေးအတွက် ဝန်ကျယ်ကုန်ပစ္စည်းများကို နံနက် ၈ နာရီမှ ၁၀ နာရီ၊ ညနေ ၄ နာရီမှ ၆ နာရီ အတွင်း တင်ဆောင်ခွင့်မပြုဘဲ ကျန်အချိန်များတွင် ခရီးသည်နှင့်အတူပါရှိသော ကုန်ပစ္စည်းများကိုရထားနောက်ဆုံးတွဲတွင် တန်ဆာပြုလုပ်တင်ဆောင်စေခြင်းကို အောက်တိုဘာ ၁ ရက်မှစ၍ ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

မြို့ပတ်ရထား အဆင့်မြှင့်တင်ထားမှုအား RBE Air Con အဆင့်မြင့်ရထားနှင့် "ဇ" တွဲဆိုင်းတွင် အစားထိုးပြေးဆွဲသည့် လက်မှတ်ခ ကျပ် ၃၀၀ ကျသင့်သည့် အထူးရထားတွဲဆိုင်းအား ကွဲပြားစွာ သိရှိနိုင်ရန် ဖော်ပြထားခြင်းဖြစ်သည်။

မြန်မာ့မီးရထားသည် ခရီးစဉ်နှစ်ခုအသုံးပြုနိုင်သော ၁၀၀ ကျပ်တန်လက်မှတ်၊ ခရီးစဉ်တစ်ခုသာအသုံးပြုနိုင်သော ၂၀၀ ကျပ်တန်(အထူးတွဲ)လက်မှတ်၊ ၃၀၀ ကျပ်တန် "ဇ" အထူးတွဲလက်မှတ်နှင့် ၄၀၀ ကျပ်တန် RBE Air Con အဆင့်မြင့်ရထားလက်မှတ်များဖြင့် ဝန်ဆောင်မှုပေးထားသည်ဖြစ်ရာ သာမန်ခရီးသည်များမှ လူလတ်တန်းစား ခရီးသည်များအထိ အားလုံးအသုံးပြုနိုင်ရေးစီစဉ်ပေးထားခြင်းဖြစ်ပြီး မိမိတို့နှစ်သက်ရာရထားများစီးနင်း၍ ခရီးသွားလာနိုင်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# ဂျပန်နိုင်ငံတွင် ဖျော်ဖြေပွဲ ၁၀ ပွဲ ကျင်းပမည့် ရိန်း



တောင်ကိုရီးယားနိုင်ငံ၏ စွယ်စုံရအနုပညာရှင်တစ်ဦးဟု တင်စားခေါ်ဝေါ်ရလောက်အောင် အဆို၊ အက၊ ရုပ်ရှင်၊ ပြဇာတ်ပိုင်းဆိုင်ရာများတွင် ကျွမ်းကျင်ပိုင်နိုင်ပြီး ကမ္ဘာတစ်ဝန်းမှ ပရိသတ်များ လက်ခံအားပေးကြသည့် တောင်ကိုရီးယားကြယ်ပွင့် ရိန်းက ၎င်း၏ 2013 Rain Zepp Tour-Story of Rain အမည်ရှိ နိုင်ငံတကာဂီတပွဲတော်ခရီးစဉ်အတွင်း ဂျပန်နိုင်ငံသို့ ရောက်ရှိစဉ် ဂီတဖျော်ဖြေပွဲ ၁၀ ပွဲခန့် ကျင်းပသွားရန်ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တွင် ဂျပန်နိုင်ငံ နာဂိုယာမြို့မှစတင်ကာ အထင်ကရမြို့ကြီးများဖြစ်သည့် တိုကျို၊ အိုဆာကာ၊ ဖူကူအိုကာ စသည့် မြို့များသို့ နိုဝင်ဘာ ၂၈ ရက်အထိ ဂီတဖျော်ဖြေပွဲများတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရိန်းသည် ဇူလိုင်လအတွင်း တပ်မတော်စစ်တာဝန်ထမ်းဆောင်မှုများ ပြီးဆုံးခဲ့ပြီး ပရိသတ်များနှင့် ပြန်လည်ဆုံတွေ့နိုင်ရေးအတွက် အလုပ်များလျက်ရှိသည်။ ၂၀၁၄ ခုနှစ်တွင် ထွက်ရှိမည့် အယ်လ်ဘမ်အသစ်နှင့် ပတ်သက်ပြီးလည်း အလုပ်ရှုပ်လျက်ရှိသူ ရိန်းက ယင်းအယ်လ်ဘမ်အတွက် သီချင်းခြောက်ပုဒ်ကိုလည်း အသံသွင်းပြီး ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရိန်းသည် ပြီးခဲ့သည့်လအတွင်းက ကိုရီးယားပရိသတ် ၃၀၀၀ကျော်နှင့် ပြန်လည်မိတ်ဆက်တွေ့ဆုံ ခဲ့ပြီး ရုပ်ရှင်ထုတ်လုပ်သူများ၏ စိတ်ဝင်စားခြင်းကိုခံနေရသူတစ်ဦးလည်းဖြစ်သည်။

**မျိုးစန္ဒာမောင်**
**စုစည်းရေးသားသည်**

# ဇာတ်ကားတိုင်းတွင် ခံစားချက်တူထားရှိသည်ဟု ဆိုလာသူ ဂျေလောရန့်စ်



၂၀၁၂ ခုနှစ်အတွင်းက အော်စကာဆုရရှိထားသူ ဟောလိဝုဒ်သရုပ်ဆောင် ဂျနီဖာ လောရန့်စ်က အော်စကာဆုမရရှိမီ ရိုက်ကူးထားသည့် Hunger Games ဇာတ်ကားနှင့် ဆုရရှိပြီးနောက်ပိုင်း ရိုက်ကူးထားသည့် The Hunger Games: Catching Fire ဇာတ်ကားတို့တွင် ခံစားမှုချင်း အတူတူပင်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ သည်။

ယင်းအပြင် ဂျနီဖာလောရန့်စ်က ဇာတ်ကားနှစ်ကားလုံးတွင် စိတ်နေ စိတ်ထား တစ်ပုံစံတည်းထားရှိခဲ့ပါကြောင်း၊ ဇာတ်ကားတိုင်းတွင် အကယ်ဒမီ ဆုရပြီးနှင့် မရမီဆိုသည့် ခံစားချက်ကွာခြားချက်များ မရှိပါကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။

အသစ်ထွက်ရှိလာမည့် Catching Fire စိတ်ကူးယဉ်သိပ္ပံအက်ရှင် ဇာတ်ကားကို နိုဝင်ဘာ ၂၁ ရက်တွင် ရုံတင်ပြသမည်ဖြစ်ပြီး ယင်းဇာတ်ကားတွင် မင်းသမီး ဂျနီဖာလောရန့်စ်နှင့် ဩစတြေးလျမင်းသား လိုင်ယမ်ဟမ်းစ်ဝေါ့ထ်တို့ ပါဝင်ထားကာ Lionsgate ရုပ်ရှင်ထုတ်လုပ်ရေးမှ ဖြန့်ချိမည်ဖြစ်သည်။























ဆီးဂိမ်းပြိုင်ပွဲကြီးတွင် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ရန်အတွက် အသင့်ဖြစ်နေသော ဝဏ္ဏသိဒ္ဓိအားကစားရုံအား တွေ့ရစဉ်။

# ဆီးဂိမ်းပြိုင်ပွဲကိုလက်ခံကျင်းပရန် အသင့်ဖြစ်နေသည့်အားကစားကွင်းများ

**သတင်း-ချစ်ကိုကို
ဓာတ်ပုံ-ရှိုင်းထက်ဇော်**

ဆီးဂိမ်းပြိုင်ပွဲကြီး စတင်ရန် တဖြည်းဖြည်းနှင့် နီးကပ်လာပြီဖြစ်သည်။ ပြိုင်ပွဲစတင်ရန် နီးကပ်လာပြီဖြစ်သောကြောင့် ပြိုင်ပွဲဝင်မည့် အားကစားအဖွဲ့များမှာ နောက်ဆုံးအဆင့်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်သကဲ့သို့ ပြိုင်ပွဲများ ကျင်းပမည့် အားကစားရုံ၊ အားကစားကွင်းများသည်လည်း ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်၍ အသင့်အနေအထားတွင် ရှိနေပြီဖြစ်သည်။

(၂၇) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ကမ်းခြေ နေရာလေးခုတွင် ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲများကို နေပြည်တော်တွင် အဓိကကျင်းပသွားမည်ဖြစ်သည်။ နေပြည်တော်တွင် အားကစားပြိုင်ပွဲများကို အဓိကကျင်းပမည့် ဝဏ္ဏသိဒ္ဓိနှင့် ဇေယျာသီရိ Sports Complex နှစ်ခုကို အကောင်အထည်ဖော်တည်ဆောက်ထားသည်။ ဝဏ္ဏသိဒ္ဓိ Sports Complex တွင် ဘောလုံးကွင်းတစ်ကွင်း A,B,C ရုံသုံးရုံတွဲလျက် အားကစားရုံတစ်ခု၊ ဖူဆယ်အားကစားရုံ၊ ဘိလိယက်အားကစားရုံ၊ လက်ဝှေ့အားကစားရုံ၊ မြားပစ်ကွင်း၊ မြင်းစီးကွင်းတို့ပါဝင်ပြီး ဇေယျာသီရိ Sports Complex တွင် ဘောလုံးကွင်းတစ်ကွင်း A,B,C ရုံသုံးရုံတွဲလျက် အားကစားရုံတစ်စု ပါဝင်မည်ဖြစ်သည်။ ထို့ပြင် Mountpleasant စက်ဘီးကွင်း၊ Gold Camp ရှိ ပီတန်းကွင်း၊ လှေလှော်ပြိုင်ပွဲ ကျင်းပမည့် ငလိုက်ဆည်တို့ကိုလည်း အကောင်အထည်ဖော်ထားသည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲ ကျင်းပမည့် မန္တလေးမြို့ရှိ မန္တလာသီရိ ဘောလုံးကွင်းကိုလည်း တည်ဆောက် အကောင်အထည်ဖော်ထားသည်။ ယင်းကွင်းမှာ အောက်တိုဘာလအတွင်း၌ ရာခိုင်နှုန်းပြည့်ပြီးစီးသွားပြီဖြစ်ပြီး ပြိုင်ပွဲကျင်းပရန် အသင့်အနေအထားတွင် ရှိနေပြီဖြစ်သည်။ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၊ သိမ်ဖြူကွင်းတို့ကိုမူ ပြန်လည်အဆင့်မြှင့်တင်မှုများ ပြုလုပ်ထားသည်။

ယခု အသစ်ထပ်မံတည်ဆောက် အကောင်အထည်ဖော်ထားသည့် အားကစားရုံများ၊ ကွင်းများမှာ ဆီးဂိမ်းပြိုင်ပွဲကြီးအတွက် ပြယုဂ်များပင်ဖြစ်ပါကြောင်း။

# ဩစတြေးလျမှ မြင်းများ နေပြည်တော်၌ လေ့ကျင့်ပြီ

**နေပြည်တော် နိုဝင်ဘာ ၁၇**

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် မြင်းစီးအားကစားနည်းအတွက် လိုအပ်လျက်ရှိသော မြင်းများကို ဩစတြေးလျနိုင်ငံမှ ဝယ်ယူခဲ့ပြီး နေပြည်တော် မြင်းစီးလေ့ကျင့်ရေးကွင်း (ရွှေနံ့သာ)သို့ ရောက်ရှိလေ့ကျင့်နေပြီဖြစ်ကြောင်း သိရသည်။

မြင်းစီးကွင်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်ဦးက မြင်းများကို အမြင့်ခုန်နှင့် အလှစီးပြိုင်ပွဲ အပြင် တာဝေးမိုင် ၅၀၊ ကီလိုမီတာ ၈၀ ပြိုင်ပွဲများအတွက် မြင်းများကို ဆန်းစစ်ရွေးချယ်နေကြောင်း၊ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လေးနိုင်ငံကို တစ်နိုင်ငံလျှင် မြင်းလေးကောင်နှုန်း ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် တာဝေးကီလိုမီတာ ၈၀ ပြိုင်ပွဲအတွက် မြင်းများကို ဆန်းစစ်ရွေးချယ်မည်ဖြစ်ပြီး နိုဝင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် အမြင့်ခုန်နှင့်အလှစီးပြိုင်ပွဲအတွက် မြင်းများကို ဆန်းစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မြန်မာမြင်းစီးအားကစားသမားများအတွက် ကလပ်လေးသင်းမှ ထုတ်နုတ်ရွေးချယ်ပြီး ၂၀၁၂ ခုနှစ် ဇွန်လမှစ၍ ညောင်ဦးမြို့နယ် ထီးပုကျေးရွာ၌ လေ့ကျင့်ပေးပြီးနောက် ၂၀၁၃ ခုနှစ် မတ်လ ၈ ရက်တွင် နေပြည်တော် မြင်းစီးကွင်းသို့ ရောက်ရှိလာပြီး ဆက်လက်လေ့ကျင့်လျက်ရှိသည်။ အမြင့်ခုန်နှင့် မြင်းအလှစီးပြိုင်ပွဲအတွက် မလေးရှားနိုင်ငံသား နည်းပြ မစ္စတာ ဟူဆပ်က တာဝန်ယူ လေ့ကျင့်ပေးနေကြောင်း သိရသည်။

**ကျော်သူရ(နေပြည်တော်)**











## ငါးသိုင်းချောင်း(အထက)အာစရိယပူဇော်ပွဲ နှိုးဆော်လွှာ

ငါးသိုင်းချောင်းမြို့(အထက)၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မျိုးဆက် သစ်ကျောင်းသားလူငယ်များ၊ ကျောင်းသားဟောင်းကြီးများ တွေ့ဆုံပွဲကို ဒီဇင်ဘာလ ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူ ငွေများ လှူဒါန်းလိုပါက-

| | |
|---|---|
| ရန်ကုန် | - ဦးအောင်ကြည်-၀၉-၄၉၂၅၃၃၇၇၊ ဦးသောင်းထွန်း-၀၉-၈၅၈၃၄၆၄၊ မစူး-၀၉-၇၃၁၀၀၁၃၇ |
| ငါးသိုင်းချောင်းအသင်း | - ရန်ကုန်-၀၁-၅၂၃၁၃၅ |
| ပုသိမ် | - ဦးစိုးတင့်-၀၉-၅၂၀၃၀၈၅<br>ဗိုလ်ကြီးစန်းဝင်း(ငြိမ်း)၀၉-၄၂၂၄၆၅၁၄၄<br>ဗိုလ်ကြီးမောင်ဝင်း(ငြိမ်း)၀၉-၅၂၀၁၃၆၄ |
| ငါးသိုင်းချောင်းမြို့ | - ဦးစစ်နိုင်-၀၄၆-၆၀၂၅၂ |








**ငှားမည်။ သိန်း(၄၀)**
အောင်သိဒ္ဓိလမ်းမ(မရမ်းကုန်း)
8000sqft, 2 1/2 RC တိုက်သစ်၊ ပြင်ဆင်ပြီး၊ 7AC,5ph, မီးစက်၊ Internet ပါ။
ဖုန်း-၀၉-၅၀၁၈၀၇၆၊ ၀၉-၃၁၅၄၈၃၄၈
(ပွဲစားမလို)






# မဲဇလီဖူးတက်ခူးသူ လူငယ်နှစ်ဦး ဓာတ်လိုက်သေဆုံး

**ရန်ကုန် နိုဝင်ဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၁၀/တောင် (၁၄)ရပ်ကွက် တမာလမ်းနေ မျိုးမင်းသိန်းသည် နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက် ရှုခင်းသာမြို့ပတ်လမ်းမကြီးဘေး မဲဇလီပင်ပေါ်သို့ မဲဇလီဖူးခူးရန် တက်ရောက်စဉ် သာကေတ ဓာတ်အားပေးစက်ရုံမှ သီတာဓာတ်အားခွဲရုံသို့ သွယ်တန်းထားသော 66 KV ဓာတ်အားကြိုးမှ ဓာတ်လိုက်ပြီး မဲဇလီပင်ပေါ်တွင် ချိတ်တွယ်သေဆုံးနေသဖြင့် သာကေတမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၅/၂၀၁၃ ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ နိုဝင်ဘာ ၁၇ ရက် မွန်းတည့် ၁၂ နာရီတွင် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂)နေ အောင်သူထွန်းသည် ဦးအောင်သူလမ်းနှင့် ဦးမိုးလမ်းထောင့်ရှိ မဲဇလီပင်ပေါ်သို့ မဲဇလီဖူးတက်ခူးစဉ် 11 KV ဓာတ်ကြိုးကို ကိုင်မိကာ မဲဇလီပင်ပေါ်တွင် ဓာတ်လိုက် သေဆုံးနေသဖြင့် လှိုင်သာယာမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ်(၇၅/၂၀၁၃)ဖြင့် ဖွင့်လှစ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ထပ်မံသိရသည်။

**(စိုးဝင်း-MLA)**



**နိုဝင်ဘာ ၁၇ ရက် နံနက် ၅ နာရီခွဲက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုလမ်းမကြီးပေါ်တွင် သပြေကုန်းအပိုင်းဘက်မှ ပျဉ်းမနားမြို့ဘက်သို့ မောင်းနှင်လာသော ယာဉ်အမှတ် ၆ခ/--- ISUZU အနီရောင်ယာဉ်သည် စည်ပင်ဧည့်ရိပ်သာရှေ့အရောက်တွင် လမ်း၏ဘယ်ဘက်(လမ်းမှား)ဝင်ရောက်ကာ ပလက်ဖောင်းကျော်တက်ပြီး သစ်ပင်ကိုဝင်ရောက်တိုက်မိသဖြင့် ယာဉ်ဦးခေါင်းညာဘက်ခြမ်း ပျက်စီးသွားသည်ကို တွေ့ရစဉ်။**

(သန်းနိုင်-ဇမ္ဗူသီရိ)

## ဆယ်ဘီးယာဉ်နှင့်ဆိုင်ကယ် တိုက်မိ၍ လူတစ်ဦးသေ

**မိတ္ထီလာ နိုဝင်ဘာ ၁၇**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ကုက္ကိုကန်ကျေးရွာ မိုင်တိုင်အမှတ် (၁၂/၃)နှင့် (၁၂/၄)အကြားတွင် နိုဝင်ဘာ ၁၄ ရက် နံနက် ၂ နာရီက ဆယ်ဘီးမော်တော်ယာဉ်နှင့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်သူ သေဆုံးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ဘက်မှ မြောက်ဘက်သို့ ကျော်ဇင်ထွန်း (၃၁) နှစ် သူဌေးကုန်းရပ်ကွက် ရန်ကုန်မြို့နေသူ မောင်းနှင်လာသည့် ၃ခ/ --- နီဆန်းဆယ်ဘီးမော်တော်ယာဉ်နှင့် မြောက်ဘက်မှ တောင်ဘက်သို့ ရဲထက်လှိုင် (၂၆)နှစ် လွန်ရွာ နောင်တရားမြို့နယ်နေထိုင်သူ မောင်းနှင်လာသော ၃၀ဃ/--- ဖောင်ချမ်းဝေ -၁၁၀ အနက်ရောင်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိ၍ ရဲထက်လှိုင်မှာ နဖူး၊ နှုတ်ခမ်း၊ ဦးခေါင်း ပေါက်ပြဲဒဏ်ရာများဖြင့် နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ညောင်ရမ်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၁၇၉)**

# စာတည်းမှူးထံရောက်ရှိလာသော ပေးစာများ

### လူနေရပ်ကွက်အတွင်းမှ လက်သမားရုံဖယ်ရှားပေးပါ

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် (၅)ရပ်ကွက် သီဂီ(၄)လမ်း(တောင်) အမှတ် (၂၀၂/အေ)တွင် ဆူညံစွာ စက်ရေပေါ်ထိုးခြင်း၊ ဆူညံစွာသစ်ခွဲစိတ်ခြင်း၊ ပေါလစ်ဆေးအနံ့ဆိုးများမခံနိုင်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ ကောင်းမွန်စွာ အိပ်စက်နားနေ၍ မရခြင်း၊ ကျောင်းသားများ စာကျက်၍ မရနိုင်အောင် အနှောင့်အယှက်ဖြစ်နေခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

### လမ်းပိတ်ဆို့ဈေးရောင်းချမှု တားဆီးပေးပါ

ရန်ကုန်မြို့ အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် မဟာသုခိတာလမ်းနှင့် (၂)လမ်း မြောက်လမ်းထိပ် အလက(၄) အင်းစိန်ကျောင်းရှေ့တွင်တည်ရှိသော စားသောက်ဆိုင်တစ်ဆိုင်သည် လမ်းပိတ်ဆို့ဆိုင်ခင်း၍ အရက်၊ ဘီယာများပါရောင်းချလျက်ရှိသောကြောင့် ကျောင်းသားကျောင်းသူများ စာရိတ္တ ပျက်စီးမည်ကို စိုးရိမ်ရသည့်အပြင် လမ်းသွားလမ်းလာများ ယာဉ်အန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးတားဆီးပေးပါရန် ပေးပို့လာသောစာ။

### ရော်ဘာလုပ်ငန်း စက်မောင်းသံ ဆူညံ၊ အနံ့ဆိုးများနံ

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် ရေကူးဘူတာလမ်းရှိ နေအိမ်တစ်အိမ်တွင် ရော်ဘာ၊ ရော်ဘာစွန့်ပစ်ပစ္စည်းများကို နေ့စဉ်ကြိတ်ခွဲဖြတ်တောက်သောလုပ်ငန်းများ လုပ်ကိုင်နေပါသဖြင့် ယင်းလုပ်ငန်းမှ ဆူညံသော အသံများ၊ ဆိုးရွားသောအနံ့အသက်များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ၊ ကျန်းမာရေးမကောင်းသူများ၊ ကလေးသူငယ်များ ကျန်းမာရေးထိခိုက်စေပါသဖြင့် လိုအပ်သလို ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

### လမ်း(၄၀)က အုတ်သဲကျောက်လုပ်ငန်းများ

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်(၄) ရပ်ကွက် လမ်း(၄၀-လယ်)ရှိ အုတ်သဲကျောက်လုပ်ငန်းများမှာ ရပ်ကွက်နေပြည်သူများအား အနှောင့်အယှက်ဖြစ်စေသည့်အပြင် အမှုန်အမွှားများနှင့် ညစ်ညမ်းသောလေထုကိုရှူရှိုက်ရခြင်းကြောင့် ကျန်းမာရေးထိခိုက်စေပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

### လူနေရပ်ကွက်အတွင်း ဝက်မွေးမြူခြင်း တားမြစ်ပေးစေလို

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၇)ရပ်ကွက် အမှတ်(၁) ဧကရာဇ်ပန်းခြံအတွင်းရှိ လူနေအိမ်များကြားတွင် ဝက်များမွေးမြူ ထားသည့်အတွက် ဝက်များမှအညစ်အကြေးနှင့် အခြားအနံ့အသက်ဆိုးများကြောင့် အနီးနေသူများနှင့် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် တားမြစ်ပေးပါရန် တင်ပြလာသောစာ။














**ပျောက်ဆုံးခြင်း**

KAUNG SAN WIN CO., LTD. ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် -၄၅၀/၂၀၀၆-၂၀၀၇ရက်စွဲ (၁၀-၇-၂၀၀၆) ကတ်ပြားမူရင်းမှာ ၁၃-၁၁-၂၀၁၃ ရက် နံနက်၁၀း၀၀ နာရီခန့်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပေးပို့ပါရန်။ **Ph:203023**

**ပျောက်ဆုံးခြင်း**

KAUNG SAN WIN CO., LTD. ၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်အမှတ်-(ထသက-၂၀၄၀၃) ရက်စွဲ(၂၂-၁၁-၂၀၀၆)ကတ်ပြားမူရင်းမှာ ၁၃-၁၁-၂၀၁၃ ရက် နံနက် ၁၀း၀၀ နာရီခန့်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။ **Ph:203023**





ပြည်တွင်းရေးရာ

# မြန်မာ-အိန္ဒိယကုန်သွယ်ရေးကားလမ်းပျက်စီးမှုကြောင့် နယ်စပ်ကုန်သွယ်ရေးကျဆင်း

**တမူး နိုဝင်ဘာ ၁၇**

မြန်မာ - အိန္ဒိယနိုင်ငံ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး တမူးနှင့် ကလေး - ဂန့်ဂေါ-ပုလဲ-မုံရွာလမ်းမကြီးတွင် အောက်တိုဘာ ၂၁ ရက်မှ စတင်ကာ မိုးများရွာသွန်း၍ လမ်းများ ပျက်စီးသဖြင့် ကားလမ်းကြောင်းပိတ်ဆို့မှုများ ဖြစ်ပွားခြင်း၊ ကားလမ်းများ ပြုပြင်နေဆဲဖြစ်၍ ကုန်ကားများ မသွားနိုင်ဘဲ ဖြစ်နေခြင်းတို့ကြောင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး ကျဆင်းနေကြောင်း တမူးမြို့နယ်စပ်ကုန်သွယ်ရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားကြောင်း သိရသည်။

"ကားလမ်းကတော်တော်ပျက်စီးနေတဲ့အတွက် အိန္ဒိယဘက်ရော မြန်မာဘက်ကပါ ကုန်တင်ပို့မှုကို မတွေ့ရသေးဘူး။ အိန္ဒိယဘက်က ကုန်ပို့ချင်ရင်လည်း မြန်မာဘက်က လမ်းမကောင်းလို့ အဆင်မပြေဘူး။ မုံရွာ-မန္တလေးက ပစ္စည်းတွေ လုံးဝမလာနိုင်ဘူး။ ပစ္စည်းမဝင်တာ သုံးပတ်လောက်ကြာပြီ ဒီပါဝလီပွဲတော်လည်းရှိတော့ မိုးရေးက ဆိုင်တွေလည်း ပိတ်တယ်၊ ပစ္စည်းပြတ်တော့ ကုန်ဈေးနှုန်းလည်း တက်တယ်၊ ပစ္စည်းက အသစ်မဝင်ဘူး၊ အဟောင်းပဲရှိတော့ ဈေးတက်လာတာ"ဟု တမူးခရိုင်နန်းဖာလုံဈေးမှ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ယင်းသို့လမ်းများပျက်စီးမှုကြောင့် ကုန်တင်ကား အစီးရေ ၁၅၀ကျော် ရက်တစ်ပတ်ကြာ ပိတ်ဆို့ခဲ့ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးသည် ပုံမှန်ထက်လျော့နည်းသွားပြီး တန်ဖိုးပမာဏ မည်ရွေ့မည်မျှ ကျဆင်းသွားသည်ကိုမူ စာရင်းချုပ်ချိန် မဟုတ်သေး၍ မတွက်ချက်ရသေးကြောင်း။ အိန္ဒိယနိုင်ငံ မိုးရေးမြို့တွင်လည်း ဒီပါဝလီပွဲတော် ကျင်းပနေချိန်ဖြစ်ပြီး မိုးရေးမြို့ ဈေးဆိုင်များ ပိတ်ထား၍ ကုန်အဝင်နည်းကြောင်း၊ အနောက်မြောက် ကုန်သွယ်ရေး လမ်းကြောင်းသည် ပွင့်လင်းရာသီကာလများတွင် တမူးနှင့်ကလေး-ကလေးဝ-ယာကြီး-မုံရွာလမ်းမကြီးမှ ပြေးဆွဲလေ့ရှိသော်လည်း မိုးရာသီကာလတွင် ထိုလမ်းမကြီးသည် နှစ်စဉ် တောင်ပေါ်မြေသားလမ်း ပျက်စီးခြင်းကြောင့် ပြေးဆွဲ၍ မရနိုင်ဘဲ ယခုကဲ့သို့ မကြာခဏ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး ကျဆင်းမှုဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။ **ဇိုဟေဆာ(ချင်းတောင်ခြေ)**



# မိတ္ထီလာပြည်သာယာမြောက်ပိုင်းရပ်ကွက် အနောက်ပိုင်းရှိ မြင်းခြံလမ်းမအား အမြန်ပြုပြင်ရန် လိုအပ်

**မိတ္ထီလာ နိုဝင်ဘာ ၁၇**

မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ပြည်သာယာမြောက်ပိုင်းရပ်ကွက် အနောက်ပိုင်းရှိ မြင်းခြံလမ်းမမှာ မြောင်းရေတိုက်စားမှုကြောင့် ပျက်စီးပြိုကျလျက်ရှိရာ အမြန်ဆုံးပြုပြင်ရန် လိုအပ်နေကြောင်းသိရသည်။**(အပေါ်ပုံ)**

ဒီလမ်းမကပြည်သာယာမြောက်ပိုင်းရပ်ကွက်သာမက ပြည်သာယာတောင်ပိုင်းရပ်ကွက်အတွက်လည်း သာရေးနာရေးအတွက် အသုံးပြုရတဲ့ တစ်ခုတည်းသော လမ်းဖြစ်ပါတယ်။ ပြီးတော့ ပျဉ်သာ၊ သာစည်လေး၊ လျှော်ဖြူကန်၊ ကန်တိုင်ပေါက်၊ မကျီးချောက်စတဲ့ ကျေးရွာတွေက ဒေသခံတွေ ပြည်သာယာဈေးကို ဈေးရောင်းဈေးဝယ်ပြုလုပ်ရာမှ ဖြတ်သန်းသွားလာ အသုံးပြုတဲ့လမ်းဖြစ်ပါတယ်။ ပျက်စီးနေတာ ကြာပြီဖြစ်ပေမယ့် သက်ဆိုင်ရာတာဝန်ရှိသူက ဘတ်ဂျက်မရှိလို့ မပြုပြင်ပေးနိုင်သေးဘူးလို့ ပြောပါတယ်။ ပြုပြင်မယ့်သူမရှိရင် ဒီလမ်းက နောက်နှစ်မိုးကျတဲ့အခါ လုံးဝပျက်စီးသွားတော့မှာ ဖြစ်သလို ရပ်ကွက်ဒေသခံ ပြည်သူတွေနဲ့ ကျေးရွာဒေသများက ဖြတ်သန်းသွားလာ အသုံးပြုသူတွေအနေနဲ့ ဖြတ်သန်းသွားလာဖို့ များစွာ အခက်အခဲတွေ့ဦးမှာ ဖြစ်ပါတယ်ဟု မြင်းခြံလမ်းမပျက်စီးရာ နေရာအနီးရှိ ပြည်သာယာ မြောက်ပိုင်းရပ်ကွက် (၁)လမ်းတွင် နေထိုင်သူ ဒေသခံတစ်ဦးက ပြောကြားသည်။

ယခင်က မန္တလေးမှ မြင်းခြံသို့ ဖြတ်သန်းမောင်းနှင်သည့် မော်တော်ယာဉ်များ မိတ္ထီလာမြို့တွင်းသို့ ဖြတ်သန်းမောင်းနှင်ရန် မလိုအပ်ဘဲ ပြည်သာယာမြောက်ပိုင်းရပ်ကွက်ရှိ အဆိုပါ လမ်းမမှ ဖြတ်သန်းမောင်းနှင်နိုင်သဖြင့် မြင်းခြံလမ်းမဟု ရပ်ကွက်ဒေသခံများ ခေါ်ဆိုခဲ့ပြီး ရပ်ကွက်နှင့် အနီးတစ်ဝိုက်ရှိ ကျေးရွာနေ ပြည်သူများသည် ၎င်းလမ်းအား များစွာ အားကိုးအားထားပြုကာ အသုံးပြုသွားလာနေကြောင်း သိရှိရသည်။

**(၅၇၉)**

# မြိတ်မြို့ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ကတ္တရာလမ်းများထပ်ပိုးလွှာခင်း

**မြိတ် နိုဝင်ဘာ ၁၇**

ပြည်သူများသွားလာရေး အဆင်ပြေချောမွေ့စေရေးအတွက် မြိတ်မြို့ စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ကတ္တရာလမ်းများအား မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က နိုဝင်ဘာ ၁ ရက်မှ စတင်၍ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နိုဝင်ဘာ ၁ရက်မှစ၍ ဦးမြတ်လေးလမ်း အရှည်ပေ ၈၀၀ × ပေ ၂၀ ကို စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ၅၁၅၀၀၀၀ ကျပ်ဖြင့် လည်းကောင်း၊ နိုဝင်ဘာ ၇ရက်မှစတင်၍အောင်ဆန်းလမ်း အရှည်ပေ ၁၂၀၀ × ၁၂ ပေကို စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ၉၈၀၀၀၀၀ ကျပ်ဖြင့် လည်းကောင်း၊ နိုဝင်ဘာ ၁၁ရက်မှ စတင်၍ ဘုရားကိုင်လမ်း အရှည်ပေ ၁၁၀၀×၁၃ ပေကို စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ၄၅၉၀၀၀၀ကျပ်ဖြင့် လည်းကောင်း ထပ်ပိုးလွှာခင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။**(အောက်ပုံ)**

**(မြိတ်ခရိုင် ပြန်/ဆက်)**




## အစိုးရကြော်ငြာ



### သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ



### ရထားပို့ဆောင်ရေးဝန်ကြီးဌာန
### ကုန်းလမ်းပို့ဆောင်ရေး
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ ငါးထပ်အဆောက်အအုံ (ဝ. ၁၁)ဧကအား သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်သော လုပ်ငန်းများအား ဖက်စပ်ဆောင်ရွက်နိုင်ရန် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၂၇-၁၂-၂၀၁၃ ရက် (သောကြာနေ့)၊ နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ
တင်ဒါစိစစ်မည့်နေရာ - ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်
တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန် - ၂၇-၁၂-၂၀၁၃ ရက် (သောကြာနေ့)၊ မွန်းတည့် ၁၂း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် ၂၁-၁၁-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portalတွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ဖုန်း-၀၁-၂၅၂၅၇၃၊ ၀၁-၂၅၂၅၇၄**



### Sevenစံ

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ ရောင်းလိုဝယ်လိုသူများ ဆက်သွယ်နိုင်ပါသည်။ အိမ်အရောက်ငွေပေးချေသည်။ ပွဲခပေးရန်မလိုပါ။

**ph-01-205748**
**09-73119099**
**09-31715247**



### ရထားပို့ဆောင်ရေးဝန်ကြီးဌာန
### ကုန်းလမ်းပို့ဆောင်ရေး
### အခြေစိုက်အလုပ်ရုံ(၁)
### အခြေခံယာဉ်မောင်းသင်တန်းကျောင်း

-အခြေခံယာဉ်မောင်းသင်တန်းအပတ်စဉ်(၂၅၄)ကို ၃-၁၂-၂၀၁၃ရက်နှင့်
-စနေ/တနင်္ဂနွေအထူးသင်တန်းကို ၇-၁၂-၂၀၁၃ရက်တွင် ဖွင့်ပါမည်။
-အင်ဂျင်၊ ဂဟေ၊ တွင်ခုံ၊ ဖောက်ခုံ သင်တန်းကို ၉-၁၂-၂၀၁၃ရက်တွင် ဖွင့်လှစ်ပါမည်။
-သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါသည်။
-လမ်းညွှန် (၁) အောက်ပုဇွန်တောင်လမ်း၊ ထင်းပုံဆိပ်၊ ဗန္ဓုလတံတားအောက်၊ ခပ(၁၂)ဝင်း၊ ရွှေစည်ခုံ့သည်(၁)ဂိတ်ဆုံး
(၂) မဟာဗန္ဓုလတံတား၊ Ocean Centerအနီး ၃၄၊ ၃၅၊ ၅၇ သန်လျင်ကားများစီး၍ Ocean မှတ်တိုင်ဆင်းပါ။ ဖုန်း-၀၁-၂၉၁၃၅၃၊ ၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄



### စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
### (၁၃/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-105(2013-2014) | 2 7/8",4 1/2" & 5" Drill Pipe | (3) Items | US$ |
| (၂) | IFB-106(2013-2014) | Annular Blow Out Preventers | (2) Nos | US$ |
| (၃) | IFB-107(2013-2014) | Interpretation Workstation | (1) Lot | US$ |
| (၄) | IFB-108(2013-2014) | Data Processing Centre | (1) Lot | US$ |
| (၅) | IFB-109(2013-2014) | Data Acquisition Sercel 428 Telememtry Recording System | (1) Lot | US$ |
| (၆) | IFB-110(2013-2014) | SSB/HF & VHF/FM Transceiver | (4) Items | US$ |
| (၇) | IFB-111(2013-2014) | Spare for VSAT | (2) Items | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၈-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
### ရန်ကုန်ပြည်သူ့ဆေးရုံကြီး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ပြုပြင်ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တရားဝင်အသိအမှတ်ပြု (လိုင်စင်ရအဖွဲ့အစည်း၊ ကုမ္ပဏီ)ကန်ထရိုက်တာများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။
(က) OT Complex,Imaging Complex များပါဝင်သည့် တိုးချဲ့ငါးထပ်ဆောင် တည်ဆောက်ခြင်း
(ခ) Cyclotron Pet-CT ထားရှိရန် တိုးချဲ့အဆောက်အအုံတည်ဆောက်ခြင်း
(ဂ) အစာအိမ်နှင့်အူလမ်းကြောင်းဆေးကုသဆောင် အကြီးစားမွမ်းမံပြင်ဆင်ခြင်း
(ဃ) ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း Car Parking ခင်းခြင်း၊ Landscaping နှင့် Lamp-post ဆောင်ရွက်ခြင်း၊ အဆောင်အချို့အား ဆေးသုတ်ခြင်း
(င) ပင်မဆောင်နှင့် ဦးနှောက်နှင့် အာရုံကြောကုသဆောင်ခြံစည်းရိုးများ ဆေးသုတ်မွမ်းမံခြင်း
(စ) ဆေးရုံကြီးဝင်းအတွင်း Drainageနှင့် Apron များဆောင်ရွက်ခြင်း
(ဆ) ပင်မဆောင်နှင့် နှလုံးကုသဆောင်တို့၏ Waste Line Sanitation များပြုပြင်ခြင်း
(ဇ) အနော်ရထာလမ်းဘက်ရှိ ပျက်ဆီးနေသော အုတ်တံတိုင်းအား ပြန်လည်တည်ဆောက်ခြင်း
(ဈ) လျှပ်စစ်လိုင်းများအား ဖြည့်တင်းသွယ်တန်းခြင်းလုပ်ငန်း

၂။ အဆိုပါလုပ်ငန်းများနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းရယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် -၁၈-၁၁-၂၀၁၃(တနင်္လာနေ့)
အိတ်ဖွင့်တင်ဒါများပိတ်မည့်ရက် -၁၇-၁၂-၂၀၁၃(အင်္ဂါနေ့) (၁၆း၀၀)နာရီ

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## သူ့အမြင် သူ့အတွေး

ကျော်မြင့်ထူး

# စိတ်ဓာတ်ဖြင့် ကစားရမည့် မြန်မာဘောလုံးအသင်း

မြန်မာနိုင်ငံတွင်ကျင်းပပြုလုပ်သည့် အရှေ့တောင်အာရှပြိုင်ပွဲကြီးကတော့ အလွန်နီးနေပါပြီ။

မြန်မာ့ဘောလုံးအသင်း၏ လက်ရှိနည်းပြတောင်ကိုရီးယားမှပတ်ဆောင်ဟွာကတော့ နောက်ဆုံးပေါ် နည်းဗျူဟာတွေနဲ့ လေ့ကျင့်ပေးနေတုန်းပဲ၊ နိုင်ငံခြားခြေစမ်းပွဲတွေ သွားရောက်ယှဉ်ပြိုင်နေတုန်းပဲ။ နည်းပြကြီးက လာမည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ မြန်မာအသင်းအောင်ပွဲဆင်မည်ဖြစ်ကြောင်း ကြွေးကြော်ထားပါတယ်။

မြန်မာဘောလုံးအသင်းဟာ နှစ်ပေါင်းဆယ်စုနှစ်ကာလမျှ ရွှေခေတ်ထူထောင်ခဲ့တဲ့အသင်းပါ။ ယနေ့အာရှမှာနာမည်ကြီးနေခဲ့တဲ့ ဂျပန်၊ တောင်ကိုရီးယား၊ အီရန်တို့ကို အနိုင်ကစားခဲ့တဲ့ အစဉ်အလာကြီးမားတဲ့ အသင်းကြီးဖြစ်ခဲ့ဖူးပါတယ်။

မှတ်မိပါသေးတယ် အဲဒီရွှေခေတ်မတိုင်မီက အခုလိုပဲမြန်မာဘောလုံးအသင်းဟာ အကြိမ်ကြိမ်ရှုံးနေလို့ ဘာလုပ်ရမှန်းမသိ ဒုက္ခရောက်ခဲ့ကြပါသေးတယ်။ အဲဒီတုန်းက မြန်မာဘောလုံးအသင်းမှာ အကြပ်အတည်းတွေ့နေတဲ့ အချိန်ပါ။ မြန်မာလူငယ်အသင်းကို အောင်မြင်အောင် အုပ်ချုပ်နိုင်ခဲ့တဲ့ ဦးဖေတင်နဲ့ မြန်မာနည်းပြကြီး ဦးစိန်လှိုင်တို့က လက်ရွေးစင်အသင်းကိုသူတို့ ယုံယုံကြည်ကြည်အပ်နှံဖို့ တောင်းဆိုခဲ့ကြတယ်။ အဲဒီခေတ် လူကြီးတွေက အဖြေရှာမရတဲ့အဆုံး ဦးစိန်လှိုင်တို့ကို တာဝန်ပေးအပ်ခဲ့တယ်။ ဦးစိန်လှိုင်တို့က လူငယ်လက်ရွေးစင်များကိုအခြေခံထားစုစည်းပြီး မာဒေးကားပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ခဲ့ရာ ဗိုလ်စွဲပြန်လာခဲ့ပါတယ်။ ကျွန်တော်သိသလောက် ရွှေခေတ်ကို အဲဒီကစလာတာပါပဲဗျာ။

ဒီခေတ်ဘောလုံးသမားတွေကစားပုံတွေကို ကျွန်တော်ကြည့်နေခဲ့တယ်။ စိတ်ဓာတ်ခိုင်မာမှု အားနည်းတာတွေ့ရတယ်။ ကစားရင်လည်း ပြာလောင်ခတ်နေကြတယ်။ နိုင်ချင်ဇောနဲ့ တအားပြေးကစားနေကြတယ်။ စိတ်မငြိမ်ဘူးဖြစ်နေတယ်။ စိတ်မငြိမ်တော့ဘောလုံးလည်း မငြိမ်တော့ဘူး။ ပေးတာတွေက နည်းတာနည်း များတာများဖြစ်နေတယ်။ ပြာလောင်ခတ်နေတဲ့အတွက် ကစားသမားတွေ နေရာယူတာလည်းလွဲနေတယ်။ ကြာလာတော့ စိတ်မောလူမောဖြစ်လာပြီး စုပြုံခံစစ်သဘောရောက်သွားတယ်။ ဘောလုံးကကိုယ့်ကွင်းရှေ့မှာပဲ တစ်ဖက်သတ် ခံစစ်ဖြစ်သွားရတယ်။ တစ်ခါတစ်ရံဂိုးရနိုင်ခွင့်အခွင့်အရေးပေါ်လာတာတောင်မှ ကိုယ့်ဘောလုံးသမားတွေဟာ သွင်းမဲ့နေရာမှာ လူမရှိတော့ဘူး၊ မလိုက်နိုင်တော့ဘူးဖြစ်သွားတယ်။

အဲဒီလိုအခြေအနေမျိုးမှာ မြန်မာနည်းပြဆရာကြီး ဦးစိန်လှိုင်ပြောဘူးတာ အမှတ်ရသေးတယ်။ ဘောလုံးကသူများဂိုးရှေ့ ရောက်လာတဲ့အခွင့်အရေးကို ကိုယ့်ဘက်ကသွင်းမဲ့သူမရှိလို့ အခွင့်အရေးမရတာတွေရှိခဲ့တယ်။ ခံစစ်မှာ ငါးယောက်၊ခြောက်ယောက်ရှိနေတဲ့ တစ်ဖက်ဂိုးရှေ့မှာ ကိုယ့်လူက နှစ်ယောက်လောက်နဲ့ ဘယ်လိုမှဂိုးမရနိုင်ဘူးတဲ့ဗျာ။

ဘောလုံးဆိုတာတစ်ယောက်ချင်းကစားတဲ့ ကစားနည်းမဟုတ်ဘူး။ အဖွဲ့လိုက်အုံဖွဲ့ကစားရတဲ့ ကစားနည်းပါ။ အပြေးပြိုင်တဲ့ပွဲမဟုတ်ဘူး ရှေ့မှာရှိတဲ့ ကိုယ့်လူဘောလုံးရအောင် အကွက်ကျကျပေးနိုင်ရမယ်။ နေရာခွဲတတ်ရမယ်။ နေရာယူတတ်ရမယ်။ ဒါတွေဟာတကယ်တော့ စိတ်ငြိမ်မှခေါင်းအေးမှလုပ်နိုင်တာပါ။

တစ်ချိန်တုန်းကရွှေခေတ်ရဲ့နာမည်ကြီးကစားသမားတွေဖြစ်တဲ့ ဘပုတို့၊ ဝင်းမောင်၊ လှဌေး၊ အေးမောင်ကြီးတို့ဟာ အလွန်ခေါင်းအေးတဲ့ ကစားသမားတွေပါ။ ပွဲကိုစီးပြီးကစားကြတာတွေ့ရတယ်။ ဒါကြောင့်လည်း အောင်ပွဲ အလီလီ ရခဲ့ကြတာပါ။ ခေါင်းအေးစိတ်ငြိမ်မှုလည်း အကွက်မြင်ပြီးအကွက်ဆင်လို့ရတာပါ။

ဘောလုံးပွဲဆိုတာ အစအဆုံးမိနစ်(၉၀)ကြာတာပါ။ နိုင်ချင်ဇောနဲ့ ပွဲစစချင်းတအားသွန် မကစားသင့်ပါဘူး။ မြန်မြန်မောသွားနိုင်တယ်။ နောက်ဆက်တွဲ အနေနဲ့ အလွဲလွဲအမှားမှားတွေဖြစ်သွားနိုင်တယ်။

အကယ်၍ ဘောလုံးပွဲအခြေအနေမကောင်းလို့ ဘောလုံးကသူများခြေထဲမှာ များနေရင်ကိုယ်ရတဲ့အခါ နောက်ပြန်ပေး။ အပေးအယူလုပ်၊ အနားပြန်ယူ အုံဖွဲ့ပြီး တိုက်စစ်ပြန်ဆင်ကစားနိုင်ရမယ်။

ကျွန်တော့်တင်ပြချက်ဟာ ဘောလုံးတစ်ခုတည်းနဲ့ သက်ဆိုင်တာမဟုတ်ပါဘူး။ ခွန်အားနဲ့ဦးနှောက်ကိုတွဲသုံးတဲ့အားကစားတိုင်းနဲ့ ပတ်သက်ပါတယ်။ အားကိုချန်ကစားတတ်ရမယ်။ အရေးကြီးအမြန်လိုတဲ့အခါမှာ သူများနဲ့ယှဉ်ပြေးနိုင်ရမယ်။ အဲဒီလိုလုပ်နိုင်ဖို့အတွက် ခေါင်းအေးအေးထား ဦးနှောက်သုံးပြီး အကွက်မြင်ကစားတတ်ဖို့လိုပါတယ်။

ကျွန်တော်အချုပ်ပြောချင်တာက လေ့ကျင့်မှုနဲ့ နည်းစနစ်ပိုင်းမှာတော့ နည်းပြဆရာရဲ့အပိုင်းပါ။ ကစားသမားတွေအနေနဲ့ စိတ်ဓာတ်ပိုင်းကို ယုံကြည်မှုထားပြီးကစားနိုင်ရမှာပါ။ ယုံကြည်မှုအပြည့်နဲ့ ပွဲကိုစီးပြီးခေါင်းအေးအေးထားကစားနိုင်ရင် မုချအောင်မြင်မှာပါ။

# ထင်းရှူးရနံ့လှိုင်လှိုင်သင်းပျံ့သည့်ဖလမ်းမြို့

**ဖလမ်း နိုဝင်ဘာ ၁၇**

ချင်းပြည်နယ် ဖလမ်းမြို့ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၅၂၈၀ပေအမြင့်တွင်တည်ရှိသည်။

ယခုအချိန်တွင် ဖလမ်းမြို့ တည်ထောင်သည်မှာ နှစ်ပေါင်း ၁၂၀ကျော်ကြာပြီး အဆောက်အအုံနှင့်အိမ်ခြေ ၁၇၂၄ခန့်နှင့် လူဦးရေ ၇၇၈၃ကျော် နေထိုင်ကြကာ ခရိုင်ရုံးစိုက်ရာမြို့လည်းဖြစ်သည်နှင့်အညီ ဌာနဆိုင်ရာရုံးများနှင့် လူမျိုးပေါင်းစုံဝန်ထမ်းများ၊ အနီးအနားကျေးရွာမှ ပြောင်းရွှေ့လာသော ပြည်သူများနှင့် အလွန်စည်ကားသည့်မြို့ဖြစ်သည်။**(ယာပုံ)**



ဖလမ်းမြို့တွင် ရပ်ကွက်ကြီး ၄ ရပ်ကွက်နှင့်ဖလမ်းမြို့နယ်တွင် ကျေးရွာပေါင်း ၁၆၀ရွာရှိကာ မြို့အနီးအနားရှိ ကျေးရွာများမှ စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်မျိုးစုံကို ဖလမ်းမြို့နေပြည်သူများက သန့်ရှင်းလတ်ဆတ်စွာ ဝယ်ယူစားသုံးနိုင်ကြပြီး သောက်သုံးရေအတွက် တောတောင်များကြားမှ ထွက်ရှိသော သဘာဝစိမ့်စမ်းရေများကိုသာ အသုံးပြုလျက် ငဆစ်ဗားရေအားလျှပ်စစ်မှလည်း ၂၄နာရီလျှပ်စစ်မီးရရှိသဖြင့် ပြည်သူများနေထိုင်မှု အဆင်ပြေကြပြီး လေကောင်းလေသန့်၊ ရေကောင်းရေသန့်များ ခံစားရရှိသည့်အပြင် ရာသီဥတုကောင်းမွန်ခြင်းကြောင့် အလွန်သာယာ ပျော်ရွှင်စရာ ကောင်းသည့်မြို့ဖြစ်သည်။

ယင်းသို့ဖြင့် ဖလမ်းမြို့ သာယာလှပရေးနှင့်တိုးတက်ဖွံ့ဖြိုးရေးအပြင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီမှုများကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်နှင့် အညီ ဖလမ်းမြို့ကြီးပို၍ တိုးတက်ဖွံ့ဖြိုး သာယာဝပြောစေရေးအတွက် ပြည်သူတစ်ရပ်လုံးကလည်း ကိုယ်စီတာဝန်ရှိကြကြောင်း ဆန္ဒပြု ရေးသားလိုက်ပါသည်။

**(ဂျိုးနက်)**


## လူမှုရေးကြော်ငြာ

### ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့
### ၂၀၁၄ခုနှစ် လုပ်ငန်းများဆောင်ရွက်ရန် ဈေးပြိုင်ကြော်ငြာ

ရွှေတိဂုံစေတီတော် ဝတ္တကမြေအတွင်း ဘုရားဖူးများ အဆင်ပြေစေရန် ဂေါပကအဖွဲ့က စီမံဆောင်ရွက်ထားသော အောက်ဖော်ပြပါလုပ်ငန်းများသည် ၃၁-၁၂-၂၀၁၃ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါ၍ ၂၀၁၄ ခုနှစ်အတွက် လုပ်ငန်းများချထားပေးရန်ရှိပါသည်။ ယင်းလုပ်ငန်းများကို ဈေးပြိုင်စနစ်ဖြင့် ချထားပေးမည်ဖြစ်၍ လုပ်ငန်းဆောင်ရွက်လိုသူများသည် ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၅၀၀၀ိ/- နှုန်းဖြင့် ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူပြီး ၄-၁၂-၂၀၁၃ရက်နှင့် ၅-၁၂-၂၀၁၃ ရက်များတွင် သတ်မှတ်ချိန်အတိုင်း ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**မှတ်ချက်။** ၂-၁၂-၂၀၁၃ရက် မွန်းတည့် ၁၂နာရီ (နောက်ဆုံး)ထား၍ ဈေးနှုန်းအဆိုပြုလွှာ စည်းကမ်းချက်များ ရောင်းချပေးမည်။ အာမခံငွေများကို မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပေးသွင်းခြင်း အပါအဝင် အသေးစိတ်အချက်အလက်များကို အဆိုပြုလွှာတင်သွင်းသူများ လိုက်နာရန် စည်းကမ်းတွင် ထည့်သွင်းဖော်ပြပေးမည်။

**ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန် လုပ်ငန်းများ**

(၁) ယာဉ်ဝင်ခွင့်ကောက်ခံခြင်းလုပ်ငန်းများ
(၂) ဓာတ်ပုံလုပ်ငန်း
(၃) ရွှေဆိုင်းရောင်းချခြင်းလုပ်ငန်း
(၄) သန့်စင်ခန်းလုပ်ငန်းများ
(၅) စားသောက်ဆိုင်လုပ်ငန်းများ
(၆) လက်ဆောင်ပစ္စည်းရောင်းချခြင်းလုပ်ငန်း
(၇) ပန်းဆိုင်ရောင်းချခြင်းလုပ်ငန်းများ
(၈) ဖိနပ်အပ်လုပ်ငန်း
(၉) နိဗ္ဗာန်ကုန်ရောင်းချခြင်းလုပ်ငန်းများ
(၁၀) အုန်းပွဲ/ငှက်ပျောပွဲရောင်းချခြင်း လုပ်ငန်း
(၁၁) လိပ်စာ/ငါးစာ ရောင်းချခြင်းလုပ်ငန်း
(၁၂) ကားကွင်းများ၌ ထီကားရပ်နားရောင်းချခြင်းလုပ်ငန်းများ
(၁၃) အုန်းသီး/ထန်းသီး ခူးဆွတ်ရောင်းချခြင်း လုပ်ငန်း
(၁၄) သရက်သီး၊ ပိန္နဲသီး ခူးဆွတ်ခြင်း လုပ်ငန်း
(၁၅) ကုန်မျိုးစုံဆိုင်ရောင်းချခြင်းလုပ်ငန်း
(၁၆) ဂုဏ်ပြုလွှာ မှန်ဘောင်သွင်းခြင်း လုပ်ငန်း

**ဂေါပကအဖွဲ့**



## အမြန်ဆက်သွယ်ပါရန်

အယ်လင်လှ(U/RGN ၀၀၂၈၁၇)(ယခင်-မိုးကြိုးလျှပ်စစ်ကုန်ထုတ်သမဝါယမအသင်း-ရန်ကုန်စက်မှုတက္ကသိုလ်) အဖဦးလှ အမိနော်လုလုတို့၏သားဖြစ်သူ ဦးအယ်လင်လှခင်ဗျား ကျေးဇူးပြု၍ ကျွန်တော့်အား အမြန်ဆက်သွယ်ပေးပါရန် သို့မဟုတ် Missed call ပြုလုပ်ပေးပါရန်။

**လေးစားခင်မင်စွာဖြင့်**
**ဦးသိန်းလှိုင်**
**HP - 09-450017270 , 09-31071896**



## မွေးနေ့မင်္ဂလာဆုတောင်း

ချစ်သမီးလေး ခင်ချမ်းမြေ့သူ၏ (၁၀)နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချမ်းမြေ့ပျော်ရွှင်သော ဘဝခရီးလမ်းကို မိသားစုနှင့်အတူ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်----

**ဖေဖေ - ဦးသက်နိုင်ဦး (စုံစမ်းရေးမှူး)**
**ဥပဒေဌာနစု၊ (စစစ)၊ နေပြည်တော်။**
**မေမေ - ဒေါ်အေးအေးနွဲ့ (မိတ္ထီလာ)**
**ကိုကို - ကောင်းခန့်ကျော်**



## အမက(၁)ဗဟန်းနှင့် အမက(၂)ဗဟန်း ပထမအကြိမ် အာစရိယပူဇော်ပွဲ

နေ့ရက်။ ။ ၂၇-၁၁-၂၀၁၃ (အမျိုးသားနေ့)
အချိန်။ ။ နံနက် ၉နာရီ
နေရာ။ ။ အမက(၁)ဗဟန်း

**လှူဒါန်းလိုပါက**

**ဆရာမ ဒေါ်ရီရီလှ (၀၉၇၃၁၁၀၃၇၈၊ ၀၉ ၄၄၈၀၃၄၁၃၈)**
**ဆရာမ ဒေါ်ခင်ဆွေဝင်း (၀၉ ၇၃၁၁၈၇၅၄)၊**
**ဆရာမဒေါ်ဌေးမြင့် (၀၉၅၁၄၃၁၁၇)၊ ဆရာမ ဒေါ်အေးအေးသိန်း (၀၉၅၀၆၅၆၅၁)၊ မမြင့်မြတ်ချို (၀၉ ၄၂၁၀၉၇၄၅၉) မထက်ထက်သန်းလွင် (၀၉- ၃၁၀၆၁၆၆၃)၊ မကြွယ်ကြွယ်အောင် (၀၉-၄၂၁၀၆၁၄၉၈)၊ မငြိမ်းငြိမ်းစံ(၀၉-၅၁၅၈၅၂၀)၊ မောင်ခွန်ကြည်စိုးဟန် (၀၉-၄၃၀၅၂၇၇၂)၊ မမြတ်စုဝင်း (၀၉- ၅၀၃၄၉၁၆)။ မမေမွန်မွန်မောင် (၀၉-၅၀၉၈၀၆၄)၊ မောင်ဖြိုးဝေယံဦး (၀၉-၄၂၀၇ ၇၉၉၄)၊ မဆုဝတ်ရည် (၀၉- ၄၂၁၁၂၃၁၂၆)၊ မယုယုဝေ (၀၉၄၃၁၁၈၂၂၂)၊ မချိုချိုဇင် (၀၉-၄၂၀၀၈၂၂၇၂)**



## Government High School နှင့် အထက(၁)၊စစ်တွေ
## အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲဖိတ်ကြားလွှာ ၂၇-၁၁-၂၀၁၃ (အမျိုးသားနေ့)

အသက် (၆၀)ပြည့်ပြီးဆရာ/ဆရာမကြီးများအား ပူဇော်ပွဲနှင့်သက်ကြီးကျောင်းသား/သူများအားဂါရဝပြုတွေ့ဆုံပွဲကို အောက်ပါအတိုင်း စီစဉ်ကျင်းပပါမည်။သို့ဖြစ်ပါ၍ အထက(၁)တွင် ပညာသင်ဖူးသူတိုင်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ချီးမြှင့် ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**(၄၁)ကြိမ်မြောက်အာစရိယပူဇော်ပွဲ (စစ်တွေ)**
ဝေသာလီခန်းမ၊ အထက(၁) စစ်တွေ
နံနက် (၉း၀၀)နာရီ မှ (၁၂း၀၀)နာရီ (၂၇-၁၁-၂၀၁၃ အမျိုးသားနေ့)

**(၄) ကြိမ်မြောက်အာစရိယပူဇော်ပွဲ (ရန်ကုန်)**
ဓမ္မဝတီသာသနာပြုကျောင်းတိုက်၊ ဦးထောင်ဗိုလ်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
မွန်းလွဲ (၁း၀၀)နာရီမှ (၄း၀၀)နာရီ(၂၇-၁၁-၂၀၁၃ အမျိုးသားနေ့)

ဆက်သွယ်ရန်- စစ်တွေတွင် - ဦးစိန်ဝင်း - ဖုန်း ၀၄၃-၂၁၉၂၀ ၊ ဦးထွန်းစံအောင် ဖုန်း ၀၄၃-၂၁၉၅၄၊ ဒေါ်စောစောဝင်း ဖုန်း-၀၄၃-၂၁၄၄၃
ရန်ကုန်တွင် - ဒေါ်မာလာကြည် ဖုန်း-၀၉-၇၃၁၅၄၃၁၃၊ ဦးဘသိန်းခိုင် ဖုန်း- ၀၉-၇၃၀၇၅၂၆၁၊ ဒေါ်မမြသိန်း ဖုန်း ၀၉-၅၁၉၂၄၂၆ ဦးစောမြင့်(စောစော) ဖုန်း-၀၉-၅၁၈၈၉၇၉၊ ဦးစံသာအောင် ၀၉-၅၁၅၀၀၉၆



ဆေးတက္ကသိုလ်(၁) ပညာသင်နှစ် (၁၉၇၂)မှ (၁၉၈၀)ပြည့်နှစ်အထိ ဆေးပညာသင်ကြားခဲ့သော ကျောင်းသား၊ကျောင်းသူများ၏ ဆရာ/ဆရာမများအား ပူဇော်ကန်တော့ပွဲကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**ကျင်းပမည့်နေ့ - ၂၆-၁-၂၀၁၄(တနင်္ဂနွေနေ့)**
**အချိန် - နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီထိ**
**နေရာ - ပန်ဒါဟိုတယ်၊ပတ္တမြားခန်းမ၊ ၂၀၅၊ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

အလှူငွေများထည့်ဝင်နိုင်ရန်အတွက် အောက်ဖော်ပြပါကျောင်းသား၊ကျောင်းသူများထံသို့လည်းကောင်း၊ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ပန်ဒါဟိုတယ်ပထမထပ်ခန်းမ၌ မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိ ဆရာကန်တော့ပွဲ ဖြစ်မြောက်ရေးကော်မတီအစည်းအဝေး၌လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဒေါက်တာခင်သီရိ - ၀၉-၅၁၂၂၇၃၂၊
ဒေါက်တာမျိုးညွန့်အောင် - ၀၉-၅၁၃၇၆၄၅
ဒေါက်တာခင်ရီဦး - ၀၉-၅၀၂၁၅၇၇၊
ဒေါက်တာနုနုရီ - ၀၉-၇၃၁၅၆၈၉၁
ဒေါက်တာနုနု - ၀၉-၅၀၁၇၆၀၃၊
ဒေါက်တာဝင်းမြင့် - ၀၉-၅၁၅၆၅၈၅
ဒေါက်တာဆွေဆွေလှိုင် - ၀၉-၄၂၅၀၁၅၈၈၀

E.mail im1-1980ers@googlegroups.com



## အမည်ပြောင်း

မြောင်းမြမြို့ စနေသင်းကျောင်းဝင်းနေ ဦးခင်မောင်လေး၏ သားသမီးများဖြစ်ကြသော လားနွန်ဆန်းဌာ(ခ) စောဖိုးချစ်အား အန်သိုနီအဲ(လ်) စိုင်လိုဟုလည်းကောင်း၊ လားနွန်မောရာ(ခ)စောထူးဝါးအား မသျှုးအဲ(လ်)စိုင်လိုဟု လည်းကောင်း၊ လားနွန်တွားငီး(ခ) ရတနာခင်အား ရတနာခင်ဂျယ်စီးခါဟုလည်းကောင်း ယနေ့မှစ၍ ပြောင်းလဲခေါ်ကြပါရန်။

# တောင်နှင့် တောင်အာရှဒေသတွင်းနိုင်ငံများ၏ ရေဘေးကာကွယ်ရေး တာတမံလုပ်ငန်းများ လက်တွေ့ကွင်းဆင်းဆောင်ရွက်

**ညောင်တုန်း နိုဝင်ဘာ ၁၇**

တောင်နှင့် တောင်အာရှ ဒေသတွင်းနိုင်ငံများ၏ ရေဘေးကာကွယ်ရေးတာတမံလုပ်ငန်းများ စူးစမ်းလေ့လာခြင်းနှင့် အားနည်းချက်များ တောင့်တင်းခိုင်မာရေး ဒုတိယအကြိမ်ဆွေးနွေးပွဲကို ပဲခူးမြို့နှင့် ရန်ကုန်မြို့များတွင် ကျင်းပလျက်ရှိရာ ကွင်းဆင်းလေ့လာတိုင်းတာခြင်းနှင့် ရှင်းလင်းပွဲကို နိုဝင်ဘာ ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၊ ပန်းလှိုင်ရေတံခါးရှင်းလင်းဆောင်၌ ကျင်းပသည်။

ပန်းလှိုင်ရေတံခါးရှင်းလင်းဆောင်တွင် ဧရာဝတီတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးဖြိုးမြင့်မှ ညောင်တုန်းကျွန်း လယ်ယာမြေဖော်ထုတ်မှုစီမံကိန်း ဆောင်ရွက်ခဲ့မှုနှင့် မြေအသုံးချမှုကျွန်းအတွင်း ဆည်မြောင်းဦးစီးဌာန၏ တာတမံရေတံခါးနှင့် ရေနုတ်မြောင်းများ ပန်းလှိုင်ရေတံခါးနှင့် ရေသွင်းရေထုတ်စနစ်များ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တာတမံများထိန်းသိမ်းခြင်းနှင့် ရေဘေးကာကွယ်မှု၊ ပင်လယ်ဒီရေတားကျွန်းပတ်တာများ တည်ဆောက်ထားရှိမှု၊ ဧရာဝတီတိုင်းဒေသကြီး အလယ်ပိုင်းမြေနိမ့်ဒေသများတွင် ရေကြီးနစ်မြုပ်မှုလျှော့ချရေး ရေနုတ်မြောင်းများ တူးဖော်မှုတို့ကိုSlide Projector ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နော်ဝေဘူမိဗေဒသိပ္ပံ(NGI) မှ ပညာရှင်များက မြေသားထွင်းဖောက်ရေဒါ(Ground Penetration Radar) ကိရိယာဖြင့် ညောင်တုန်းကျွန်းတာမိုင် ၁/၆မှ ၂/၃အတွင်း တမံ၏ အားနည်းချက်များ စစ်ဆေးတိုင်းတာခြင်းကို ဆည်မြောင်းဦးစီးဌာနမှ ပညာရှင်များ၊ ဝန်ထမ်းများဖြင့် ပူးပေါင်းဆောင်ရွက်ကြသည်။ **(ဓါတ်ပုံ)**

ကိရိယာဖြင့်တိုင်းတာစစ်ဆေးချက်အရ အားနည်းချက်ရှိသည့်နေရာများကို လက်တွေ့တူးဖော်စစ်ဆေးမည်ဖြစ်ပြီး အနီးစပ်ဆုံးမှန်ကန်မှုရှိပါက အဆိုပါကိရိယာကို တွင်ကျယ်စွာအသုံးပြုသွားနိုင်မည်ဖြစ်ပြီး တာတမံများထိန်းသိမ်းပြုပြင်ခြင်းနှင့် ရေဘေးကာကွယ်ရေး လုပ်ငန်းများအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ရဲမျိုးတင်လှ(မအူပင်)**





# ကျေးရွာဖွံ့ဖြိုးရေးအလေးထားသည့် ညောင်ဦးမြို့ ပန်းကုန်းပင်ကျေးရွာ

**ညောင်ဦး နိုဝင်ဘာ ၁၇**

ညောင်ဦးမြို့နယ်၊ ပန်းကုန်းပင်ကျေးရွာတွင် ကျေးရွာနေပြည်သူများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများကျန်းမာရေးအတွက် အားထားရသည့် မိဘမေတ္တာဆေးကုခန်းကို ၂၀၁၃ခုနှစ်၊ ဇန်နဝါရီ ၄ ရက်မှစတင်၍ ကိုယ်ထူကိုယ်ထဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ လူနာ ၁၀၀၀ ကျော်ခန့်အား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးကုခန်းတွင် ကျေးရွာဇာတိဖြစ်သည့် ဒေါက်တာကျော်သူဝင်းက စောင့်ရှောက်ကုသမှုပေးနေခြင်းဖြစ်ကြောင်း၊ ထို့ပြင် ကျေးရွာနေပြည်သူများအသိပညာဗဟုသုတတိုးပွားရေးအတွက် မရှိမဖြစ် လိုအပ်သည့် စာပေဥယျာဉ်အမည်ဖြင့် စာကြည့်တိုက်ကိုလည်း အောက်တိုဘာ ၁၁ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကျေးရွာအတွက် လိုအပ်ချက်များ ဆက်လက်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ထားပြီးသောအရာများ၊ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် ပန်းကုန်းပင်ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေအဖွဲ့ကိုလည်း ဖွဲ့စည်းထားကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

စီးပွားရေးကြော်ငြာ

# ကျောက်ဖြူ သန်းခေါင်စာရင်း ကောက်ယူရေး ဆွေးနွေး

**ကျောက်ဖြူ နိုဝင်ဘာ ၁၇**

ကျောက်ဖြူခရိုင်နှင့်မြို့နယ်သန်းခေါင်စာရင်းဆိုင်ရာကော်မတီအစည်းအဝေးကို နိုဝင်ဘာ ၉ရက် မွန်းလွဲ ၁ နာရီတွင် ကျောက်ဖြူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရန်လင်းအောင်က ခရိုင်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီများ၏ တာဝန်များခွဲဝေသတ်မှတ်ပြီး စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ကျောက်ဖြူခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူးဦးကြည်မြင့်က လုပ်ငန်းဆိုင်ရာအသေးစိတ် အချက်အလက်များနှင့် သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ သိကောင်းစရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးသည်။

အဆိုပါအစည်းအဝေးသို့ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ဌာနဆိုင်ရာအကြီးအကဲများ၊ ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(၅၀၉)














# မပေါ့ဆသင့်သော "မီး"

